# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# သတ္တမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး၊ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ကျန်းမာရေး၊ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာလှသိန်း၊ မွန်(၆)၊ မိသားစုကျန်းမာရေး၊ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ဒေသ ဖွံ့ဖြိုးရေး၊ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး၊ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးငွေ့ယိန်း၊ ချင်း(၁၁)၊ ကျန်းမာရေး၊ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ (၃၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မြန်မာ့စီးပွားရေးဘဏ် ငွေလွှဲမှုကိစ္စရပ်များ မြန်ဆန်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ဦးအောင်ချစ်လွင် က မြန်မာ့စီးပွားရေးဘဏ် ငွေလွှဲမှုကိစ္စရပ်များ မြန်ဆန်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့စီးပွားရေးဘဏ် ငွေလွှဲမှုကိစ္စရပ်များ မြန်ဆန်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလို၍ မဲဆန္ဒရှင် ပြည်သူများကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ခန္တီးခရိုင် မြန်မာ့စီးပွားရေးဘဏ်ကို ဝင်ရောက်လိုက်တဲ့အခါ ဌာနဆိုင်ရာအသီးသီးမှ နိုင်ငံတော်ရဲ့ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့ ဌာနဆိုင်ရာဝန်ထမ်းများအတွက် e-pension စနစ်နဲ့ ပင်စင်လစာများ ထုတ်ပေးနေတာ တွေ့ရတဲ့အတွက် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ အရင်ကလို ပင်စင်ထုတ်ဖို့အတွက် စာအုပ် မထပ်ရတော့ဘဲ လွယ်ကူစွာနဲ့ ပင်စင်လစာငွေများကို ထုတ်ယူနိုင်ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခန္တီးမြို့ရဲ့ မြန်မာ့စီးပွားရေးဘဏ်ဟာ ခရိုင်အဆင့်ဘဏ်တစ်ခုဖြစ်ပြီး ယခင်ခေတ်က ကွန်ပျူတာနည်းပညာများ မပေါ်ပေါက်မီကာလက လူမှုရေးကိစ္စအဝဝအတွက်သော် လည်းကောင်း၊ ရုံးကိစ္စအတွက်သော် လည်းကောင်း၊ ငွေကြေးကိစ္စရပ်များကို တစ်မြို့နဲ့တစ်မြို့ ငွေလွှဲပြောင်းပို့ဆောင်ရာမှာ ကြေးနန်းကိုသာ သုံးပြီး လွှဲပြောင်းရတဲ့အတွက် မကြာသင့်ဘဲ ကြန့်ကြာ မှုများ ဖြစ်နေတာကို မြင်တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုခေတ် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ခန္တီးမြို့ မြန်မာ့စီးပွားရေးဘဏ်မှာ ခေတ်နဲ့လျော်ညီစွာ IP star, Fax Phone ပါ တစ်စုံ ကွန်ပျူတာနဲ့ ကွန်ပျူတာ လိုအပ်တဲ့ ဆက်စပ်ပစ္စည်းများ၊ မီးစက် အပါအဝင် ပြည့်စုံအောင် ရှိနေပေမယ့်လည်း ခန္တီးခရိုင် မြန်မာ့စီးပွားရေးဘဏ်ကတော့ ရိုးရာမပျက် ကြေးနန်းနဲ့ပဲ တွဲဖက်ပြီး လုပ်ဆောင်နေလျက် ရှိနေတာကို တွေ့ရပါတယ်။ ခန္တီးခရိုင်အဆင့်ရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်တွေမှာ ငွေစုစာအုပ်နဲ့ စုဆောင်းထားတဲ့ ငွေကြေးများကို တခြားခရိုင်အဆင့်ရှိ မြန်မာ့စီးပွားရေးဘဏ်တွေမှာ ထုတ်ယူလို့ရပေမယ့်လည်း ခန္တီးခရိုင် မြန်မာ့စီးပွားရေးဘဏ်မှာကတော့ ဆက်သွယ်ရေးပြင်ပကို ရောက်နေတာကြောင့် ထုတ်ယူလို့မရပါဘူး။ တကယ်တမ်းကျတော့

ခန္တီး မြန်မာ့စီးပွားရေးဘဏ်က ဆက်သွယ်ရေး ပြင်ပကို ရောက်နေတာ မဟုတ်ဘဲ ဆက်သွယ်ရေး လုပ်ငန်းက ခန္တီးမြန်မာ့ စီးပွားရေးဘဏ်ကို ဆက်သွယ်ရေးဧရိယာထဲ ခုချိန်ထိ မထည့်သွင်းသေးတာ ဖြစ်ပါတယ်။ ဆက်သွယ်ရေး ဧရိယာထဲကို မရောက်သေးတဲ့အတွက် ဖက်စ်စနစ်နဲ့ ငွေကြေး လွှဲပြောင်းမှုလုပ်ငန်း မလုပ်ဆောင်နိုင်သေးတာလည်း ဝမ်းနည်းစွာနဲ့ တွေ့မြင်ရပါတယ်။ အလားတူ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ဟုမ္မလင်း မြန်မာ့စီးပွားရေးဘဏ်ကလည်း စိတ်ချရတဲ့ ကြေးနန်းကိုပဲ အခုအချိန်ထိ အသုံးပြုနေတာကို တွေ့မြင်ရပါတယ်။ ကြေးနန်းကိုသုံးပြီး ငွေကြေးလွှဲပြောင်းရတဲ့ အခါ ငွေကြေးကိန်းဂဏန်းများ အမှားအယွင်း မရှိအောင် စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးတဲ့ မြန်မာ့စီးပွားရေးဘဏ်က ဝန်ထမ်းများကိုပဲ ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီး၊ ဟုမ္မလင်းဒေသဟာ စီးပွားရေးအချက်အချာကျတဲ့ ဒေသဖြစ်တဲ့အတွက် လွှဲပြောင်းရတဲ့ ငွေကြေးကိန်းဂဏန်းများဟာ များပြားလွန်းလှပါတယ်။ ငွေကြေးကိန်းဂဏန်းများ များပြားတဲ့အလျောက် မြန်ဆန်မှုကို လိုချင်ကြတဲ့ လူတွေလည်း ဖြစ်ပါတယ်။ ပုဂ္ဂလိက ရင်းနှီးမှု၊ ခင်မင်မှု၊ ယုံကြည်မှုတွေနဲ့ ငွေကြေးလွှဲပြောင်း နေရတဲ့အတွက် မမျှော်မှန်းနိုင်တဲ့ ပြဿနာများ ရှိနေပေမယ့်လည်း မြန်မာ့စီးပွားရေးဘဏ်က အပြည့်အဝ ဖြည့်ဆည်းစွမ်းဆောင်မှု မပေးနိုင်တဲ့အတွက် စွန့်စားပြီး ငွေကြေးလွှဲပြောင်း လုပ်ဆောင် နေရတာ ဖြစ်ပါတယ်။ အခြားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်များလို ဖက်စ်စနစ်နဲ့ ငွေကြေး လွှဲပြောင်း ပေးပို့နိုင်ရင်တော့ ပုဂ္ဂလိကဘဏ်များနည်းတူ နေ့ချင်းပေါက် ငွေကြေးများ ရောက်ရှိ နိုင်မှာ ဖြစ်ပါတယ်လို့ ယုံကြည်ပါတယ်။ ငွေကြေး လွှဲပြောင်းသူတွေကလည်း အားကိုးယုံကြည် စိတ်ချလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာ့စီးပွားရေးဘဏ် ငွေလွှဲမှုကိစ္စရပ်များ မြန်ဆန်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည် ကို သိရှိလို၍ မဲဆန္ဒရှင်ပြည်သူများ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ ဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်၍ သက်ဆိုင်ရာ အမျိုးသားများပိုင်သော ဖွံ့ဖြိုးရေးဘဏ် တည်ထောင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဦးပေါ်လျှံလွင် က ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်၍ သက်ဆိုင်ရာ အမျိုးသားများပိုင်သော ဖွံ့ဖြိုးရေးဘဏ် တည်ထောင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မမေးမြန်းခင်မှာ ကျွန်တော့်မေးခွန်းကို အနည်းငယ် ပြင်ဆင်ခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ကျွန်တော် ပြင်ချင်လိုတဲ့အချက်မှာ ဝန်ကြီးဌာနကို ပေးပို့သော အစီအစဉ်နှင့် အနည်းငယ် ကွဲလွဲတဲ့အတွက် ဟပ်စပ်သွားအောင်

ကျွန်တော် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ကျွန်တော် ပြင်ဆင်လိုတဲ့အချက်ဟာ ပြည်နယ်နှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်၍ သက်ဆိုင်ရာ အစိုးရနှင့် အမျိုးသားများ ပိုင်သော အတိုးနည်း ဖွံ့ဖြိုးရေးဘဏ် တည်ထောင်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခြင်း ဖြစ်ပါတယ်။ မူလကတည်ထောင်ခွင့်ပြုပါရန်ဆိုတာ တည်ထောင်ပေးပါရန် ဆိုတဲ့ အစီအစဉ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သလိုက် ပါတယ်။ ကျွန်တော့်၏မေးခွန်းဟာ စိတ်ကူးယဉ်ဆန်သော အစီအစဉ် မရှိသော မေးခွန်းဖြစ်တဲ့အတွက် ဦးစွာပထမ ရှင်းလင်းခွင့်ပြုပါရန် ဥက္ကဋ္ဌအား ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော့် မေးခွန်း၏ ရည်ရွယ်ချက်ကို ရှေးဦးစွာ ရှင်းပြလိုပါတယ်။ ဘဏ်လုပ်ငန်းဟုဆိုရာ၌ ငွေလုံးငွေရင်း မတည်ငွေများ လိုအပ်နေခြင်း၊ ဘဏ်အဆောက်အဦများ လိုအပ်နေခြင်းနဲ့ လုံခြုံရေးတို့ လိုအပ် နေခြင်း ဆိုတာ ရှိပါတယ်။ ပုဂ္ဂလိကဘဏ်ဖြစ်စေ၊ အစိုးရဘဏ်ဖြစ်စေ ဘဏ်လုပ်ငန်းသည် စီးပွားရေး အတွက် အကျိုးအမြတ်ကို ရယူလိုသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ရသောကြောင့် ငွေကြေး လည်ပတ်မှုနည်းသော ဒေသ၌ မည်သည့် မည်သူကမျှ ဘဏ်လုပ်ငန်းများ လုပ်ဆောင်မည် မဟုတ်ပါ။ ယခုအခါ နိုင်ငံတော်အစိုးရသည် ဘဏ်လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုပြီး အတိုးနှုန်းလည်း ဘဏ်များအားလုံး တူညီစွာ (၁၃)ရာခိုင်နှုန်း သတ်မှတ်ပြီး ဖြစ်ပါတယ်။ ပြည်သူ များသည် လက်ရှိ ဘဏ်တိုးနှုန်းနှင့်သော် လည်းကောင်း၊ ဘဏ်စည်းမျဉ်း စည်းကမ်းများအရသော် လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ငွေချေးယူရန် အလွန်ခက်ခဲလျက် ရှိပါတယ်။

သို့ပါ၍ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဆင်းရဲသော ဒေသများ၌ ဘဏ်တိုး အနည်းငယ်ဖြင့် ဥပမာ (၁)ရာခိုင်နှုန်း၊(၂)ရာခိုင်နှုန်းနှင့် ပြည်သူများကို ငွေချေးနိုင်ရန် နိုင်ငံတော် အစိုးရမှ သက်ဆိုင်ရာ ဒေသအစိုးရနှင့် သက်ဆိုင်ရာ အမျိုးသားများဖွံ့ဖြိုးရေးဘဏ်၊ အတိုးနည်း ဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးနိုင်ပါရန် ရည်ရွယ်၍ တင်ပြရခြင်း ဖြစ်ပါတယ်။ ဥပမာ - ယခုအခါ နိုင်ငံတော်အစိုးရမှ မွေးမြူရေးနှင့် စိုက်ပျိုးရေးအတွက် ငွေချေးသကဲ့သို့ အတိုးနှုန်း အနည်းငယ် ဖြင့် ဘဏ်ထူထောင်ပေးပါရန် တင်ပေးရခြင်း ဖြစ်ပါတယ်။ သက်ဆိုင်ရာ အမျိုးသားများဖွံ့ဖြိုးရေး ဘဏ် ဟု တင်ပြရသော်လည်း သက်ဆိုင်ရာ အမျိုးသားများက လိုအပ်သော မတည်ငွေ ထည့်ဝင် နိုင်မည် မဟုတ်ပါ။ နိုင်ငံတော်အစိုးရမှ အတိုးနည်းဖွံ့ဖြိုးရေးဘဏ် တည်ထောင်ပေးရန် တင်ပြရခြင်း ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဘဏ်တိုးနှုန်း စနစ်နှစ်မျိုး ထားရှိရန်မှာ မဖြစ်နိုင်စရာအကြောင်း ရှိပါသော်လည်း ဆင်းရဲသော ဒေသများ၏ ပြည်သူများကို ငဲ့ညှာသောအားဖြင့် အထူးစီမံချက် တစ်ရပ်အနေဖြင့် စဉ်းစားပေးနိုင်ပါရန် လေးစားစွာ တင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ မဖွံ့ဖြိုးမတိုးတက် ရခြင်း များစွာအနက် ပြည်တွင်းငွေကြေးလည်ပတ်မှု မရှိခြင်း ငွေကြေးတွန်းအား မပေးခြင်းသည် အဓိကအချက် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် စီးပွားဖြစ် ကုန်ထုတ်လုပ်သူများအတွက် ငွေကြေး အရင်းအနှီး မရှိခြင်းကြောင့် ဖြစ်ပါတယ်။ ထိုငွေကြေး အရင်းအနှီး လိုအပ်ချက်ကို ဖြေရှင်းနိုင်ရန် သက်ဆိုင်ရာဒေသပိုင် ဖွံ့ဖြိုးရေးဘဏ် တည်ထောင်ပြီး မြို့တိုင်း၌ အလွယ်တကူငွေကြေး ထုတ်ချေး

နိုင်ရန် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ဆောင်သည့် ဖွံ့ဖြိုးရေးဘဏ် ရှိရန်လိုအပ်ပြီး ပြည်နယ်သားများ အလုပ်အကိုင် ဖန်တီးနိုင်ရေးအတွက် ရှင်းလင်းလွယ်ကူသည့် ဘဏ်စနစ် ဖြစ်ရန်လည်း လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုဘဏ်သည် ပြည်ထောင်စုအစိုးရ ထိန်းသိမ်းမှုအောက်တွင် မထားဘဲ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရ၏ လမ်းညွှန်မှုကိုခံယူပြီး လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိသည့် ဘဏ်ဖြစ်ရန် လိုအပ်ပါတယ်။ ငွေစုလက်ခံခြင်း၊ ငွေလွှဲ၊ ရွှေ၊ ငွေ စသည့် ပစ္စည်း အပေါင်လက်ခံခြင်း စသည့် ဘဏ်လုပ်ငန်းကို လွတ်လပ်စွာ လုပ်ကိုင်နိုင်သည့် ဘဏ်ဖြစ်စေရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မတည်ငွေ ရရှိနိုင်ရန် ပြည်ထောင်စု အစိုးရထံမှ ချေးငွေ၊ ပြည်သူများထံမှ ရှယ်ယာရောင်းရငွေ ပြည်တွင်းပြည်ပမှ အလှူငွေ၊ ရင်းနှီးငွေ၊ ချေးငွေများကို လက်ခံရရှိရန် လိုအပ်ပါတယ်။ ဘဏ်အုပ်ချုပ်မှုတွင် ပြည်နယ်ဝန်ကြီးချုပ် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့ ဥက္ကဋ္ဌက နာယကအဖြစ် ဆောင်ရွက်ပြီး ငွေရေးကြေးရေး ကျွမ်းကျင်ပြီး ဒီမိုကရေစီ ဖွဲ့စည်းပုံဖြင့် ဒါရိုက်တာ ဘုတ်အဖွဲ့က အုပ်ချုပ်ရန်နှင့် ဘဏ်စီမံအုပ်ချုပ်မှု ကျွမ်းကျင်သည့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ရုံးအဖွဲ့ဖြင့် လုပ်ငန်းလည်ပတ်အောင် ကြပ်မတ်ရန်နှင့် ခေတ်မီဘဏ်စနစ် တည်ထောင်ပြီး ကမ္ဘာ့ဘဏ်အဖွဲ့များဖြင့် ချိတ်ဆက်နိုင်အောင် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ကမ္ဘာ့ဘဏ် နိုင်ငံအချို့၏ ဘဏ်တိုးနှုန်းအချို့ကို ဖော်ပြလိုပါတယ်။ Agriculture Bank of China (၅.၅၀)ရာခိုင်နှုန်း၊ ANZ စင်ကာပူ (၅.၅၀)ရာခိုင်နှုန်း၊ Bang kok Bank of Public Company Limited (၆)ရာခိုင်နှုန်း၊ Bank of East Asia (၅.၅) ရာခိုင်နှုန်း၊ Bank of Thaiwan (၆)ရာခိုင်နှုန်း၊ Bank of India (၅.၅)ရာခိုင်နှုန်း၊ Rojal Bank of Canada (၄.၇၅)ရာခိုင်နှုန်း၊ Bank of United Oversea (၅)ရာခိုင်နှုန်း။ ဤကဲ့သို့ ဖော်ပြခြင်းသည် ကျွန်တော်တို့နိုင်ငံ၏ ဘဏ်တိုးနှုန်း နည်းခြင်းများခြင်းကို နှိုင်းယှဉ်ဖော်ပြလိုတာ မဟုတ်ဘဲ ကမ္ဘာ့ဘဏ် များ၏ အခြေအနေကို ဖော်ပြလိုခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို ဦးတည်၍ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသီးသီး၌ သက်ဆိုင်ရာ အစိုးရနှင့် အမျိုးသားများပိုင်သော အတိုးနည်း ဖွံ့ဖြိုးရေးဘဏ် တည်ထောင်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကြွရောက် လာသော ဧည့်သည်တော်များခင်ဗျား။ မေးခွန်းနှစ်ပုဒ်စလုံးကို ပြည်ထောင်စု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာမောင်မောင်သိမ်း

မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင် မေးတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဦးအောင်ချစ်လွင် မေးထားတဲ့ မေးခွန်းကတော့ လိုရင်းအချက်ကတော့ မြန်မာ့စီးပွားရေး ဘဏ် ငွေလွှဲဆောင်ရွက်တဲ့အခါမှာ မြန်ဆန်အောင် ဘယ်လိုလုပ်ပေးမလဲ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ငွေလွှဲနည်း (၃)နည်းရှိပါတယ်ခင်ဗျား။ ကြေးနန်းနဲ့ လွှဲတာ ရှိပါတယ်။ စာတိုက်က လွှဲတာရှိပါတယ်။ ဖက်စ်နဲ့ လွှဲတာ ရှိပါတယ်။ အဲဒီ ငွေလွှဲနည်း (၃)နည်း အနက်က ဖက်စ်နဲ့လွှဲတာကတော့ အကောင်းဆုံး အမြန်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့က ဘဏ်ခွဲပေါင်း (၃၁၀)ရှိတာမှာ (၂၅၇)ဘဏ်ခွဲမှာ ကျွန်တော်တို့ ဖက်စ်တွေ တပ်ဆင်ပြီး ဖြစ်ပါတယ်။ အခု တင်ပြ ထားတဲ့ ဟုမ္မလင်းနဲ့ ခန္တီး၊ ဖောင်းပြင် ဒေသတွေ မှာလည်း ခုတော့ ဖက်စ် မတပ်ရသေးပါဘူး။ ဖက်စ် ဘာလို့မတပ်ရသေးလဲ ဆိုတဲ့အကြောင်းကတော့ ကျွန်တော်တို့ ဖက်စ်တပ်တဲ့အခါမှာ အော်တို တယ်လီဖုန်းလိုင်းကို အသုံးပြုပြီး တပ်ပါတယ်။ ကြိုးမဲ့စနစ်တွေဖြစ်တဲ့ CDMA တို့ ဘာတို့နဲ့ သုံးကြည့်တဲ့အခါမှာ စမ်းသုံးကြည့်ဖူးပါတယ်ခင်ဗျား။ သို့သော်လည်းပဲ စိတ်မချရပါဘူး။ ဒါကြောင့်မို့လို့ အော်တိုတယ်လီဖုန်းလိုင်းနဲ့သာ တပ်တဲ့အတွက် ကြောင့် ဒီမြို့နယ်တွေမှာ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင် ဆိုတဲ့ ဒေသတွေမှာ အော်တိုတယ်လီဖုန်းလိုင်း မကြာမီ တပ်မယ်လို့လည်း သတင်းကြားပါတယ်ခင်ဗျား။ အော်တိုတယ်လီဖုန်း လိုင်းရတာနဲ့ ကျွန်တော်တို့ ဘက်ကနေပြီးတော့ ဖက်စ်တပ်ပေးမှာ ဖြစ်တဲ့အကြောင်း လေးစားစွာ ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

နောက် ဒုတိယမေးခွန်းပါခင်ဗျား။ ဒုတိယမေးခွန်းကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ရဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။ သူ့မေးခွန်းကတော့ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာအစိုးရနဲ့ အမျိုးသားများပိုင်သော အတိုးနည်း ဖွံ့ဖြိုးရေးဘဏ်များ တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

မေးခွန်း မေးတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးက စိတ်ကူးယဉ်ဆန်တဲ့ မေးခွန်း ဆိုပြီးတော့ သူ့စကားမှာ ခံသွားပါတယ်။ တကယ်တော့ ဒီမေးခွန်းသည် စိတ်ကူးယဉ်ဆန်တဲ့ မေးခွန်း မဟုတ်ပါဘူး။ အင်မတန် အရေးကြီးတဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။ အားလုံး သိကြတဲ့အတိုင်းပါပဲ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုအတွက်က မဏ္ဍိုင်ကြီး(၃)ရပ် လိုအပ်ပါတယ် ခင်ဗျ။ ဟို အင်္ဂလိပ်လို ပြောခွင့်ပြုပါခင်ဗျား။ ဆိုတော့ ဘာသာရပ်စကားနဲ့ ဆိုရင်တော့ Three Pillars of Economic Success ဆိုပြီးတော့ ခေါ်ပါတယ်။ အဲဒီ မဏ္ဍိုင်ကြီး(၃)ရပ်မှာ ပထမ မဏ္ဍိုင်က ဘဏ်လုပ်ငန်း ဖြစ်ပါတယ်။ ဒုတိယမဏ္ဍိုင်ကတော့ သင်္ဘောလုပ်ငန်း ဖြစ်ပါတယ်ခင်ဗျား။ တတိယမဏ္ဍိုင်ကတော့ Shipping, Sorry ဒုတိယ မဏ္ဍိုင်ကတော့ Shipping, တတိယမဏ္ဍိုင်က Insurance အာမခံလုပ်ငန်း ဖြစ်ပါတယ်ခင်ဗျ။ ဖြစ်တော့ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ် စတင်တည်ဆောက်တဲ့ အချိန်ကစပြီးတော့ ဘဏ်လုပ်ငန်းဖွံ့ဖြိုးဖို့ ဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေတွေ ပြဋ္ဌာန်းပြီး ဆောင်ရွက်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်း ဥပဒေ ဆိုတာ အဲဒီ အတွက် ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အဲဒီအရ ကျွန်တော်တို့ မြန်မာပြည်မှာ ဘဏ်တွေကို ပုဂ္ဂလိက ကိုလည်း လုပ်ခွင့်ပြုခဲ့ပါတယ်။ ပြုခဲ့တဲ့အတွက် အခုဆိုလို့ရှိရင် ပုဂ္ဂလိက ကပိုင်တဲ့ ဘဏ်ပေါင်း (၂၀) ရှိသွားပါပြီ။ နိုင်ငံတော်ပိုင်တဲ့ ဘဏ်က (၄)ခုဆို စုစုပေါင်းဘဏ်(၂၄)ခု ရှိသွားပါပြီ။ ဘဏ်ခွဲ အရေအတွက် အားဖြင့်ဆိုရင် (၅၃၁)ခု ရှိသွားပါပြီခင်ဗျ။ တစ်ခါ ကျွန်တော်တို့ ဒီဘဏ်တွေဟာ မြို့ကြီးတွေမှာ ဖွင့်တာများပေမယ့် မဖွံ့ဖြိုးသေးတဲ့ဒေသတွေမှာလည်း ဘဏ်ခွဲတွေ ဖွင့်ထားတာ တော့ ရှိပါတယ်။ ရှိတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးပေါ်လျံလွင် ရဲ့ မေးခွန်း အတိုင်း သက်ဆိုင်ရာဒေသတွေမှာ ဖွင့်ခွင့်ပြုဖို့ဆိုတဲ့ ကိစ္စတွေကျတော့ ကျွန်တော်တို့ ဒီအတိုင်း စဉ်းစားလို့ မရဘဲနဲ့ စီးပွားရေးအခြေအနေ အားလုံးပါ ခြုံငုံတွက်ချက်ပြီးမှ စဉ်းစားလို့ရပါတယ်။ ဆိုတော့ ဘဏ် အရေအတွက်ကလည်းပဲ နိုင်ငံတစ်နိုင်ငံမှာ သိပ်ပြီးများလွန်းရင် မကောင်းပါဘူးခင်ဗျ။ နည်းလွန်း လည်း မကောင်းပါဘူး။

ဥပမာတစ်ခု ကျွန်တော်ပြရမယ်ဆိုလို့ရှိရင် လမ်းတစ်လမ်းထဲမှာပဲ မုန့်ဟင်းခါးဆိုင် အခု (၅၀)လောက် ဖြစ်သွားရင် မကောင်းနိုင်တဲ့ သဘောမျိုးပါပဲ။ များလွန်းလည်း မကောင်း၊ နည်းလွန်း လည်း မကောင်းပါဘူး။ ကျွန်တော်တို့ မြန်မာပြည်မှာ မြန်မာပြည်ရဲ့ GDP ဆိုရင်(၅၀၀၀) ကျော်ပေါ့။ (၅၀၀၀)ကျော် ရှိပါတယ်။ US Dollar နဲ့ဆိုတော့ သန်းပေါင်း(၅၀၀၀)ကျော်ရှိပါတယ်။ မြန်မာပြည်မှာ ဘဏ်(၂၄) ဘဏ် ရှိပါတယ်။ ယိုးဒယားက ကျွန်တော်တို့ GDP ထက်(၆)ဆလောက်များပါတယ်ခင်ဗျ။ သူ့ဆီမှာ (၁၇)ဘဏ်ပဲ ရှိပါတယ်ဆိုတော့ အဲဒါကိုလည်း ကျွန်တော်တို့ ချိန်ဆရပါတယ်။ ဆိုတော့ ပြန်ချုံ့ ပြီးတော့ ဖြေရမယ်ဆိုရင်တော့ သက်ဆိုင်ရာ ဒေသတွေမှာ အတိုးနည်းတဲ့ သက်ဆိုင်ရာ အစိုးရတွေက အုပ်ချုပ်သော၊ သက်ဆိုင်ရာ အမျိုးသားများ စီမံခန့်ခွဲသော ဘဏ်များ ဖွင့်ဖို့အတွက်ကို ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ လေ့လာလျက်ရှိကြောင်း လေးစားစွာနဲ့ တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ခရီးသွားလုပ်ငန်း (Tourism Industry) အတွက် လိုအပ်သောအစီအစဉ်များ ဆောင်ရွက်ထားခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ခရီးသွားလုပ်ငန်း (Tourism Industry) အတွက် လိုအပ်သော အစီအစဉ်များ ဆောင်ရွက်ထားခြင်း ရှိ/မရှိ နှင့် စပ်လျဉ်း တဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခရီးသွားလုပ်ငန်း (Tourism Industry) အတွက် လိုအပ်သော အစီအစဉ်များ ဆောင်ရွက်ထားခြင်းနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့ ၁၉၈၆၊ ၁၉၈၇ ခုနှစ် လောက်မှာ ကျွန်တော်တို့ ဒီခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပိုမိုပြီးတော့ လှုပ်လှုပ်ရှားရှား ဆောင်ရွက်လာပါတယ်။ ဒီအခါမှာ ကျွန်တော် Tourism ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် တချို့ကုမ္ပဏီတွေကို ကျွန်တော် ရောက်ခဲ့ပါတယ်။ အဲဒီတုန်းက အနည်းအကျဉ်းပဲ ရှိပါတယ်။ နောက် သူတို့တွေနဲ့ ဆွေးနွေးတဲ့အခါမှာ ဥပမာ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းမှာ ခင်ဗျားတို့ ဆောင်ရွက်ကြပါ။ ဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ ကျွန်တော်တို့ အထောက်အပံ့၊ အထောက်အကူ ပစ္စည်းတွေလည်းပဲ ရှိပါတယ်။ ဥပမာ သူတို့က မေးပါတယ်။ ဒီကနေပဲခူးကို အဲဒီတုန်းက၊ အဲဒီအချိန်လောက်တုန်းက ပဲခူးရဲ့ လမ်းကလည်းပဲ ကျွန်တော်တို့ရဲ့ လမ်းက သိပ်မကောင်းပါဘူး။ ၈၆-၈၇ လောက်က။ ဒီကနေပြီးတော့ ကျွန်တော်တို့ ပဲခူးသွားမယ်။ ပဲခူးသွားလို့ လမ်းမှာကားပျက်မယ်။ ကားပျက်ရင် ခင်ဗျားတို့ ဘယ်လိုလုပ်ပေးမလဲ။ အဲဒါ ကျွန်တော်တို့ကပြောပါတယ်။ ကားအစီး(၃၀)လောက်ရှိတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီလိုဆောင်ရွက်နိုင်တဲ့ဟာတွေ ရှိပါတယ်။ သူတို့ဆီမှာက ကျွန်တော်တို့ရဲ့ အချက်အလက်၊ အဲဒီတုန်းက သတင်းအချက်အလက်က အပြည့်အစုံရှိပါတယ်။ ပွင့်ပွင့်လင်းလင်း ကျွန်တော်တင်ပြရရင် ဒီလိုအစီအစဉ်တွေ၊ အစီအမံတွေကို သူတို့ ယုံကြည်စိတ်ချမှု မရှိပါဘူး။

နောက်တစ်ချက်က ကျွန်တော်ဒီ မကြာခင် နိုင်ငံခြားတိုင်းပြည်တစ်ခုကို သွားတဲ့အခါမှာ အဲဒီမှာရှိတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးကလည်းပဲ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ Information တွေ သိပ်မရရှိဘူး။ တချို့တွေကတော့လည်း ခရီးသွားတွေ သူတို့ဆီကို လာမေးတယ်။ အဲဒီတော့ ကျွန်တော်တို့က သူတို့ကို ဝေဖို့ Pamphlet ကလေးကအစ စသည်အားဖြင့် ဒီဟာတွေကို ဆွေးနွေးခဲ့တာတွေ ကျွန်တော့်အနေနဲ့ ရှိပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အခုနိုင်ငံဟာ အစစအရာရာ စီးပွားရေးရော၊ နိုင်ငံရေးရော ပြောင်းလဲနေတဲ့အချိန် ဖြစ်ပါတယ်။ ဒီစင်ကာပူ အခုတိုးတက်နေတဲ့ စင်ကာပူနိုင်ငံကို လေ့လာကြည့်လို့ရှိရင် ကျွန်တော် နှစ်ကတော့ နည်းနည်းလွဲရင် လွဲပါမယ်။ သက္ကရာဇ် ပတ်ဝန်းကျင် ၂၀၀၀ လောက်မှာပါ။ 2000 လောက်မှာ၊ အဲဒီမှာသူတို့ ဟိုတယ်တွေရဲ့ Infrastructures တွေကို အများကြီး ပြောင်းပါတယ်။ ICT တွေ သုံးပါတယ်။ ဆိုလိုတာက Online System တွေစသုံးဖို့ အဲဒီအချိန်မှာ လုပ်ပါတယ်။ အခုကျွန်တော်တို့ ကာလအားဖြင့် ဆိုရင်တော့ (၁၀)နှစ်ကျော်ကာလ၊ သူတို့ တော်တော်များများကို ဒါပြည့်ပြည့်စုံစုံနဲ့ ရှိနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ဒီကနေ့ ပြောင်းလဲလာတဲ့ဈေးကွက်နဲ့ အတူ နောက်ကျွန်တော်တို့ Tourism Industry ဟာ လည်းပဲ ဝန်ဆောင်မှုကဏ္ဍမှာ ဒါဆောင်ရွက်ရမယ့် ကဏ္ဍ ဖြစ်တယ်။ ဒီဟာ ကျွန်တော်တို့ အာဆီယံဒေသထဲမှာလည်းပဲ ဒီ Tourism နဲ့ ပတ်သက်ပြီးတော့ ကျယ်ပြန့်လာနေတယ်။ ကျွန်တော်တို့ (၄)နိုင်ငံဖြစ်တဲ့ CLMV မှာ ပြန်ပြီးတော့ကြည့်ရင် ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားဟာ တော်တော်လေးကို Tourism နဲ့ ပတ်သက်ပြီး ရှေ့တန်းကို ရောက်နေတယ်ဆိုတဲ့ သဘောမျိုးလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ ကမ္ဘောဒီးယားဆိုရင် GDP ရဲ့ (၁၅)ရာခိုင်နှုန်းသည် Tourism ကနေပြီးတော့ ရရှိတယ် ဆိုပြီးတော့ ဒါဖော်ပြထားတယ်လို့လည်း တွေ့ရပါတယ်။

ဒါကြောင့်မိုလို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒီကနေ့ အချိန်အခါမှာ ဒီ Tourism ကို ဒါ Service အနေနဲ့ ဝန်ဆောင်မှု အနေနဲ့ဆောင်ရွက်တဲ့အခါမှာ နိုင်ငံရဲ့ ဝင်ငွေ၊ နောက် ကျွန်တော်တို့ ဆင်းရဲမှုလျှော့ချရေး စသည် အားဖြင့် အကုန်လုံးပါပါတယ်။ ဒီအတွက် အရေးကြီးတဲ့ကဏ္ဍ ဖြစ်တဲ့အတွက်ကြောင့် လိုအပ်တဲ့ အစီအမံလေးတွေ၊ အဲဒီတော့ ကျွန်တော်ဒီကနေပြီးတော့ တင်ထားတဲ့ Tourism နဲ့ပတ်သက်တဲ့ Web Site ဒါ ကျွန်တော် လေ့လာသိရှိပါတယ်။

အဲဒီမှာ ကျွန်တော်တို့ မြေပုံတွေ (Map) တွေ ထည့်ထားတယ် စသည်အားဖြင့်ပေါ့။ သို့သော် ဒါတွေဟာ Upgrade လုပ်ဖို့ လိုမယ်ဆိုတဲ့ အကြောင်းလည်းပဲ ကျွန်တော် တင်ပြဆွေးနွေး လိုပါတယ်။ ဒီ အစီအစဉ်လေးတွေ ဒါ ဆက်လက်ပြီးတော့ ဆောင်ရွက်မှု ဒါတွေရှိ/မရှိ။ နောက်တစ်ချက် ကတော့ Tourism Law ကျွန်တော်လည်းပဲ ဒါ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒါအမှတ်တမဲ့ပါ။ Tourism Law ဒါအခု ဒီဟာရော ကျွန်တော်တို့ ရှိနေပြီလား။ ဘာဖြစ်လို့လဲဆိုရင် ဒါ Tourism Law နဲ့ ပတ်သက်ပြီးရင် ဒါလိုင်စင်ကိစ္စတွေ နောက်ပြီးတော့ တချို့ ဒီဟိုဒင်းတွေ၊ ခရီးသွား တွေကို လမ်းညွှန်တဲ့ ခရီးသွားလုပ်ငန်းတွေ၊ ခရီးသွားဝန်ဆောင်မယ့် ပုဂ္ဂိုလ်တွေ စသည်အားဖြင့် ဒီဟာတွေနဲ့ အများကြီး နွယ်ပြီးတော့ Tourism Law တွေ ကျွန်တော်တို့က ရှိရပါမယ်။ ဒီအစီအစဉ်လေးတွေလည်းပဲ ကျွန်တော်တို့က လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်တဲ့အတွက်ကြောင့် ဒါ ဒီမှာ ကျွန်တော် မေးမြန်း ရခြင်း ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့က ဒါကလည်းပဲ Tourism ဝန်ကြီးဌာနက သက်ဆိုင်ရာ ဝန်ကြီးဌာန အနေနဲ့ ဒါသိရှိပြီးဖြစ်ပါမယ်။ သက္ကရာဇ် ၂၀၂၀ မှာ ကျွန်တော်တို့ နိုင်ငံရဲ့ Tourism ဟာ (7.5) Million လောက်အထိ တိုးတက်လာမယ်လို့ အကုန်လုံးက ခန့်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ နှစ်တုန်းကဆိုရင်တော့ Tourism ရဲ့ Industry မှာ (30) Percentage, (၃၀)ရာခိုင်နှုန်းလောက် တိုးလာတယ်။ ခရီးသွား တစ်သန်းနီးပါးလောက်၊ တစ်သန်းကျော်ကျော်လောက် ဒါ ရောက်ရှိလာတယ်ဆိုတာလည်းပဲ ဖော်ပြ ထားတာတွေ တွေ့ရှိပါတယ်။ အဲဒီတော့ အဲဒီမှာ ကျွန်တော်တို့ Tourism နဲ့ ပတ်သက်ပြီးတော့ တချို့လာတဲ့ ခရီးသွားတွေ၊ နည်းနည်းလေး တချို့နယ်မြေတွေမှာ ပြဿနာလေးတွေ ရှိသွားတာ ရှိပါတယ်။ ဒါကြောင့်မိုလို့ Tourism နဲ့ ပတ်သက်တဲ့ သူတို့ရဲ့ လုံခြုံမှု တစ်နည်းအားဖြင့် လုံခြုံမှုနဲ့ အတူ သူတို့ ဆောင်ရွက်ချက်တွေဟာ  တချို့ မသင့်တော်တဲ့ ဆောင်ရွက်ချက်တွေအတွက် ကျွန်တော်တို့က တားဆီးဖို့၊ ကာကွယ်ဖို့ အစီအမံများ ဥပမာအားဖြင့် ကျွန်တော်တို့ Highway လမ်းမကြီးမှာ စောင့်ကြည့်တဲ့ ရဲတပ်ဖွဲ့လို ဒီလိုအစီအမံတွေများ ကျွန်တော်တို့က ဆောင်ရွက်ထားခြင်း၊ ဒီဟာလေး တွေလည်းပဲ သိရှိလိုပါတယ်။ ဆိုလိုတာက Tourism တွေ ကျွန်တော်တို့ ရောက်လာတဲ့အခါမှာ ကလေးသူငယ်တွေနဲ့ ပတ်သက်တဲ့ Child Trafficking တို့၊  Sex Tourism တို့ စသည်အားဖြင့် ဒီဟာတွေလည်း ကျွန်တော်တို့က ခုနက (7.5)Million ရောက်လာမယ်ဆိုတော့ ဒီဟာတွေလည်းပဲ ဆောင်ရွက်ထားဖို့ လိုပါမယ်။ နောက် Tourism တွေနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ဒီ သူတို့ပေးတဲ့ Certificate တွေကအစ Standard မီမီဖြစ်ဖို့ Education သူတို့ရဲ့ Tourism နဲ့ ပတ်သက်တဲ့ ပညာရေးကိစ္စတွေ၊ ဒါတွေလည်းပဲ ကျွန်တော့်အနေနဲ့ ဒီမှာ မေးမြန်းလိုတဲ့ အပိုင်းရှိပါတယ်။ နောက် Tourism ခုနတုန်းက ကမ္ဘောဒီးယားတို့၊ ဗီယက်နမ်တို့ ဒီ Tourism တွေရဲ့ တိုးတက်မှုကို တိုင်းတဲ့ အခါမှာ အကြမ်းဖျင်းအားဖြင့်၊ အခြေခံ အားဖြင့် ကျွန်တော်တို့ ခုနကတုန်းက တချို့ဘာသာပြန်တဲ့

အခါမှာ မဏ္ဍိုင် ဆိုပေမယ့် ကျွန်တော်တို့က တိုင်ကြီး(၁၄)တိုင်နဲ့ တိုင်းတယ်ဆိုတာလည်းပဲ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ Fourteen Pillars နဲ့ တိုင်ကြီး(၁၄)တိုင်နဲ့ တိုင်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆီမှာလည်းပဲ ဒီဟာတွေကို ပြန်ပြီးတော့ တိုင်းတာဖို့ အစီအမံတွေများ ကျွန်တော်တို့အနေနဲ့ ဒီမှာ ရှိ/မရှိဆိုတာလည်းပဲ သိရှိလိုပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ ခရီးသွားလုပ်ငန်း (Tourism Industry) အတွက် လိုအပ်တဲ့ အစီအစဉ်များ တစ်နည်းအားဖြင့် အစီအမံများ ဆောင်ရွက်ထားခြင်းကို သိရှိလိုတဲ့အတွက် မေးမြန်း ရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၁။**

**ဦးဌေးအောင် (ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်ရဲ့ ခရီးသွားလုပ်ငန်းအတွက် လိုအပ်သော အစီအစဉ်များ ဆောင်ရွက်ထားခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် က ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးခွန်းရဲ့ ဦးတည်မေးမြန်းထားတဲ့ မြှင့်တင်ကြော်ငြာမှုနဲ့ ပတ်သက်လို့ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မြှင့်တင်ကြော်ငြာရန်နှင့် သတင်းအချက်အလက်များအား ထုတ်ပြန်ပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီးရုံးမှ myanmartourism.org Website အပြင်ဆက်သွယ်နိုင်ရန် mo.moht@mptmail.net. mm, E-mail, facebook တို့ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှလည်း အလားတူ tourism-myanmar.org,Website အပြင်၊ dg.dht@mptmail.net.mm,E-mail, tourismmyanmar.org@gmail.com, တို့ဖြင့်လည်းကောင်း၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ Myanmartravelsandtours.com, mdmhts.moht@gmail.com, mtt.mht@mptmail.net.mm, E-mail စသည်အားဖြင့် လွှင့်တင်ထူထောင် ဆောင်ရွက်လျက်ရှိပါတယ်။

သတင်းအချက်အလက် ပြန်ကြားမှုအနေနဲ့ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ သတင်းအချက်အလက်နှင့် မှတ်တမ်းဌာနအား ဖွင့်လှစ်ဖွဲ့စည်းထားရှိပြီး တယ်လီဖုန်း၊ E-mail, Fax တို့ဖြင့် ပြည်တွင်းပြည်ပမှ မေးမြန်းစုံစမ်းမှုများကို ပြန်လည်ဖြေကြားပေးလျက်ရှိပါတယ်။

အထက်ဖော်ပြပါ လွှင့်တင်ထားသော Website များမှ ဝန်ကြီးဌာနရဲ့ လှုပ်ရှားမှုသတင်းများကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် သတင်းများထုတ်ပြန်ခြင်း၊ ဟိုတယ်များနှင့် ဆက်သွယ်ရန်

လိပ်စာ၊ ဓာတ်ပုံများ၊ ခရီးသွားကုမ္ပဏီများနှင့် ဆက်သွယ်ရန်လိပ်စာများ၊ ဘာသာရပ်အလိုက် ဧည့်လမ်းညွှန်များရဲ့ အမည်စာရင်းနှင့် ဆက်သွယ်ရန်လိပ်စာများနဲ့ ဝန်ကြီးဌာနမှ ထုတ်ဝေသော စာစောင်များကို ထုတ်ပြန်ထားရှိပြီး အမြဲ Update ဖြစ်နေအောင် ဆောင်ရွက်ခြင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ ဝန်ဆောင်မှုပေးနေသည့် ခရီးစဉ်များကို ထည့်သွင်းကြော်ငြာခြင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများအား အများပြည်သူ သိရှိနိုင်စေရန် ဖော်ပြခြင်း၊ မြန်မာနိုင်ငံခရီးစဉ်ဒေသများ၊ ရိုးရာပွဲတော်များ၊ မှီတင်းနေထိုင်ကြသော လူမျိုးစုများနဲ့ ယဉ်ကျေးမှုများအား သီးခြား Webpage များဖြင့် ထည့်သွင်းဖော်ပြခြင်း တို့ကို စီစဉ်ဆောင်ရွက်ထားပါတယ်။

ဒါ့အပြင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်ပေါက်များ အပါအဝင် ထင်ရှားသော ခရီးစဉ်ဒေသများမှာ သတင်းနှင့် ပြန်ကြားရေးကောင်တာများ ဖွင့်လှစ်ထားရှိပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ၏ ခရီးစဉ် လိုအပ်ချက်များအပေါ် မေးမြန်းစုံစမ်းလာမှုများအား ပြန်လည်ဖြေကြားခြင်းနဲ့ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း၊ ခရီးစဉ်ရောင်းချပေးခြင်း၊ လိုအပ်သည့် ဧည့်လမ်းညွှန်များ ငှားရမ်းပေးခြင်း၊ မော်တော်ယာဉ်များ ငှားရမ်းပေးခြင်း၊ ဟိုတယ်အခန်းများ ရောင်းချခြင်း၊ လေယာဉ်လက်မှတ် ရောင်းချခြင်း၊ အဆင်ပြေလွယ်ကူစွာ ဝင်/ထွက် သွားလာလည်ပတ်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းနဲ့ ခရီးစဉ်နဲ့ဟိုတယ်ဆိုင်ရာ လက်ကမ်းစာစောင်များ၊ လမ်းညွှန်မြေပုံများ ဖြန့်ဖြူးဝေငှပေးခြင်းကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဝန်ကြီးဌာနအနေဖြင့် တိုးတက်ဝင်ရောက်လာမယ့် နိုင်ငံခြားသားဧည့်သည်များအတွက် ဟိုတယ်ခန်းများ လုံလောက်မှုရှိစေရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဟိုတယ်များ တိုးချဲ့တည်ဆောက်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းလိုင်စင်များ ချထားပေးခြင်း၊ ကန့်သတ်ခရီးစဉ်များအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးနိုင်ရန် တင်ပြပေးခြင်းနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးများမှာ သွားလာလည်ပတ်နိုင်သော ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်း တို့ကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒါ့အပြင် ဇွန်လတွင် ကျင်းပခဲ့သော World Economic Forum နဲ့ ချိန်ကိုက်ပြီးတော့ National Branding Campaign အစီအစဉ်ဖြင့် TV Commercial အစီအစဉ်ကို ကျွန်တော်တို့ Channel News Asia မှာ ဇွန်လ ၇ ရက်နေ့ကနေ ၁၉ ရက်နေ့အထိ တစ်နေ့ကို (၇)ကြိမ် လွှင့်တင်ကြော်ငြာခဲ့ပါတယ်။ BBC မှာ ဇွန်လ ၇ ရက်နေ့ကနေ ဩဂုတ်လ ၃၁ ရက်နေ့အထိ လည်းကောင်း မြှင့်တင်ကြော်ငြာ ပြသပေးလျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ စက္ကန့်(၃၀) အစီအစဉ်ဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပချိန်တွင် မြန်မာနိုင်ငံအကြောင်း သိရှိနိုင်ရန် (၅)မိနစ်စာ ဗွီဒီယိုခွေကိုလည်း ပြသပေးနိုင်ခဲ့ပါတယ်။ အခုလောလောဆယ် ကျွန်တော်တို့ ဒီကနေ့ မနက် (၇)နာရီ (၁၂)မိနစ်မှာဆိုရင် ဒါ BBC မှာ (30) Seconds Program ကို လွှင့်တင်ထားတာဖြစ်ပါတယ်။ အဲဒီတော့ တကယ်လို့ ကိုယ်စားလှယ်ကြီးများ ကြည့်နိုင်မယ်ဆိုရင် မနက်ဖြန် ၅ ရက်နေ့ (၈)နာရီ (၁၂)မိနစ် BBC မှာ ကျွန်တော်တို့ လွှင့်တင်ထားတဲ့ (30) Seconds Program ကို ကြည့်နိုင်ပါတယ်။ ၆ ရက်နေ့ဆိုရင်တော့ (၁)နာရီ (၅၇) ရှိပါတယ်။ အခု ၃၁ ရက်နေ့အထိ ပရိုဂရမ်ကိုတော့ ကျွန်တော် အခုတင်ပြတဲ့ ကိုယ်စားလှယ်ကြီး ဒေါက်တာမြင့်ကြည် လက်ထဲကို ကျွန်တော်

ပရိုဂရမ်လေး ပေးထားပြီးဖြစ်ပါတယ်။ အဲဒီတော့ လာမယ့် ပွင့်လင်းရာသီမှာလည်းပဲ CNN မှာ ထုတ်လွှင့်တင်ပြနိုင်ဖို့အတွက် ကျွန်တော်တို့ ဆွေးနွေးလျက်ရှိပါတယ်။ ကမ္ဘာ့စီးပွားရေးဖိုရမ်ကာလမှာ တက်ရောက်လာတဲ့ ဧည့်သည်များကို ကျွန်တော်တို့ Myanmar Today စာအုပ်အသစ် ကျွန်တော်တို့ ရိုက်နှိပ်ထုတ်ဝေပြီး ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ နေပြည်တော်မြေပုံ၊ နောက်ပြီးတော့ Coffee Table, Myanmar နဲ့ ပတ်သက်တဲ့ Coffee Table စာအုပ်နဲ့ မြန်မာနိုင်ငံအကြောင်း အခု လွှင့်တင်ထားသည်များကို ကြည့်ရှုနိုင်ဖို့အတွက် Memory Stick, USB ကို ကျွန်တော်တို့ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

ယခုအခါမှာ နိုင်ငံခြားတိုင်းပြည်များမှ အစိုးရအဖွဲ့တွေ၊ကိုယ်စားလှယ်တွေ အများအပြား လာနေတာဖြစ်ပါတယ်။ လုပ်ငန်းရှင်များလည်း မကြာခဏလာရောက်ပါတယ်။ မြန်မာနိုင်ငံကလည်း ကျွန်တော်တို့ အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ကြီးများ၊ အသင်းအဖွဲ့များ သက်ဆိုင်ရာ နိုင်ငံများသို့ သွားရောက်ခြင်းတို့ဟာလည်း မြန်မာနိုင်ငံအတွက် ထိရောက်သော မြှင့်တင်ကြော်ငြာပေးမှုပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနရဲ့ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နဲ့အတူ ၎င်းမှာ ပါဝင်တဲ့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့(၁၁)ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအဖွဲ့တို့ ကလည်း ဈေးကွက် ဒေသများမှာပြုလုပ်တဲ့ ခရီးသွားပြပွဲတွေ၊ ကွန်ဖရင့်တွေ၊ အစည်းအဝေးတွေကို မကြာခဏ ပါဝင်တက်ရောက် မြှင့်တင်ကြော်ငြာပေးခြင်း၊ ခရီးစဉ်များ ရောင်းချခြင်းတို့ကို ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဟာ ၂၀၁၁ ခုနှစ်ကစတင်ပြီး တစ်နှစ်ထက် တစ်နှစ်ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာ နိုင်ငံခြားသားခရီးသည်စုစုပေါင်း (၁.၀၆)သန်း ဝင်ရောက်ခဲ့ပါတယ်။ မနှစ်ကနဲ့ နှိုင်းယှဉ်ရင် (၃၀) Grow up ရှိပါတယ်။ ယခုနှစ်မှာလည်း ကျွန်တော်တို့ မေလအထိ ဝင်ရောက်မှုဟာ အဲဒီ ရာခိုင်နှုန်းအတိုင်း တိုးတက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဂဏန်းနဲ့ ပြောပြရမယ်ဆိုရင် (၅၀)ရာခိုင်နှုန်းအထက်မှာ ရှိနေပါတယ်။ ဒါကြောင့်ဒီနှစ်မှာ အနည်းဆုံး (၁.၅)သန်း ကနေ (၁.၈) သန်းအထိ ဝင်ရောက်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ပြည်ပလေကြောင်းများ ဒီလို ဧည့်သည်တွေ တိုးတက်လာဖို့ရာမှာတော့ ပြည်ပလေကြောင်းများ ပျံသန်းမှုအကြိမ် တိုးပွားမှု၊ ရန်ကုန်သာမက အခြားမြို့ကြီးများကို တိုးချဲ့ပျံသန်းမှု၊ လေယာဉ်အရွယ်အစား ပိုမိုပြောင်းလဲ ပျံသန်းမှု၊ လေကြောင်း လိုင်းများ တိုးမြှင့်ပျံသန်းမှု၊ စင်းလုံးငှားလေယာဉ်များ ဝင်ရောက်မှု၊ ဒေသတွင်း သာမက ရပ်ဝေး ဒေသများမှ ပျံသန်းလာမှု လေယာဉ်တွေ (Long Haul Flight) တွေ ပြောတာ ဖြစ်ပါတယ်။ ဒီလို ပျံသန်းလာမှုတွေဟာ ဧည့်သည်တိုးပွားမှုရဲ့ အဓိကအချက် ဖြစ်ပါတယ်။ ဒါ့အပြင် ယခုအခါ နယ်စပ် ဒေသဝင်ပေါက်များက ဝင်ရောက်မှုဟာလည်း သိသာထင်ရှားစွာ တိုးတက်လာကြောင်း တွေ့ရှိရ ပါတယ်။

တင်းကြပ်နေတဲ့ စည်းမျဉ်းများလျှော့ပေါ့ခြင်း၊ ဗီဇာစနစ်ပုံစံပြောင်းလဲခြင်း တို့ဟာလည်း ခရီးသည် တိုးတက်များပြားလာရေးမှာ အထောက်အကူများစွာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီအခြေအနေအတိုင်း ဖြစ်ပေါ်လာမယ်ဆိုရင် မကြာခင်နှစ်အတွင်းမှာ နောက်ထပ် သန်းဂဏန်း

များကို ရောက်ရှိလာမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီနေရာမှာ လူဦးရေမတန်တဆမများဘဲ ဝင်ငွေများများရတဲ့ ဈေးကွက်မျိုးကိုပါ နောင်မှာ ခွဲခြမ်းစိတ်ဖြာဆန်းစစ် လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ အခုလို ခရီးသည်များ တိုးတက်များပြားလာတာနဲ့အမျှ တစ်ဖက်က အခြေခံအဆောက် အအုံအပိုင်း၊ အထောက်အကူပြုလုပ်ငန်းအပိုင်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းများအပိုင်း တစ်ပြေးညီ တိုးတက်လာဖို့လည်း လိုအပ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အခက်အခဲ အကြပ်အတည်းများကြားက ရှန်းကန်လှုပ်ရှားရင်း တစ်စထက်တစ်စ တိုးတက်လာတဲ့အတွက် တချို့အပိုင်းမှာ လိုအပ်မှုများ ရှိနိုင်ပါတယ်။ ဥပမာ - ၂၀၁၁ ခုနှစ်အစပိုင်းမှာ တစ်နိုင်ငံလုံးမှာ ဟိုတယ်အခန်းပေါင်း (၂၅၀၀၀) အခန်းပဲရှိခဲ့ပါတယ်။ ဒီအထဲမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်အခန်းက အခန်း(၃၀၀၀) မပြည့်ခဲ့ပါဘူး။ ၂၀၁၂ ခုနှစ်ကစပြီး နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုဘဝ တိုးတက်ပြောင်းလဲလာမှု၊ ဧည့်သည်တိုးတက် ဝင်ရောက်လာမှုအရ ဟိုတယ်များအသစ် ထပ်မံတည်ဆောက်မှု၊ ယခင်က တည်ဆောက်ဆဲ ဟိုတယ်များ ပြန်လည်လုပ်ကိုင်လာမှုတို့ကြောင့် လက်ရှိအနေအထားမှာ အခန်း(၃၀၀၀၀)ခန့်ထိ ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဒီနှစ်အကုန် ထပ်မံဖွင့်လှစ်လာမယ့် ပြည်တွင်း၊ ပြည်ပဟိုတယ်များရှိပြီး နောက်ထပ် ရန်ကုန်ဒေသမှာဆိုရင် အခန်းပေါင်း(၁၀၀၀)ခန့် တိုးပွားလာဖို့ ဖြစ်ပါတယ်။ ယခု တိုးတက်မှုဟာ ရန်ကုန်မှာသာမကဘူး။ အခြားမြို့ကြီးများမှာလည်း ဆက်လက်တိုးတက်လာမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဟိုတယ်နဲ့အတူ အခြား အထောက်အကူပြုလုပ်ငန်းများဖြစ်တဲ့ ပို့ဆောင်ရေး ယာဉ်တွေ၊ စားသောက်ဆိုင်တွေ၊ ပြကွင်းပြကွက်တွေ၊ ငွေလဲလှယ်မှုလုပ်ငန်းတွေ စသည်တို့ဟာလည်း ခေတ်စနစ်နဲ့အညီ တစ်ဖြည်းဖြည်း တိုးတက်လာပြီ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဟာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ဖြစ်တဲ့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသများမှာ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများကို ပို့ချပေးလျက်ရှိပါတယ်။ ပြည်ပအကူအညီနဲ့ရရှိတဲ့ သင်တန်းများကိုလည်း မျိုးဆက်သစ်လူငယ်များကို စေလွှတ်ပေးလျက်ရှိပါတယ်။ ပြည်ပအကူအညီနဲ့ သင်တန်းဖွင့်လှစ်လိုတဲ့ ပုဂ္ဂလိကအဖွဲ့များကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနရဲ့ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်နဲ့ မန္တလေးတက္ကသိုလ်တို့မှာ B.A(Tourism)၊ ပထမနှစ်သင်တန်းနဲ့ ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်ထားရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်တဲ့ မြန်မာနိုင်ငံဟာ ASEAN Economic Community ထူထောင်ရာမှာ ၂၀၁၅ ခုနှစ်ကစတင်ပြီး အာဆီယံဟာ Seamless Destination ဖြစ်လာအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ Free Flow of Goods, Services Capital, Investment and Skilled Labour ဆိုတဲ့ အပိုင်းများဟာ အဓိက ဖြစ်လာပါတယ်။ ဒီအတွက် အဖွဲ့ဝင်နိုင်ငံများအကြား Mutual Recognition Arrangement ကို သဘောတူ ဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ လေ့ကျင့်ပျိုးထောင်မှုမှာ မနိမ့်ကျရအောင် အနည်းဆုံး Minimum Competency Standard ရှိအောင် သင်ရိုးညွှန်းတမ်းများကို ပြည်ပအကူအညီရယူရေးဆွဲပြီး ဒီထက်မနိမ့်အောင် သင်ကြားကြဖို့ ပြည်တွင်းမှာ ဖွင့်ထားတဲ့ သင်တန်းများကို မပြတ်နှိုးဆော်လမ်းညွှန် ပေးလျက်ရှိပါတယ်။ ကြားဖြတ်အနေနဲ့ ဒီကနေ့ ဒီမလာခင်ဘဲ ASEAN National Tourism Organization အဖွဲ့တွေနဲ့

အစည်းအဝေးကို ဒီကနေ့မနက်ပဲ သင်္ဂဟမှာ တက်ရောက်ပြီး အမှာစကား ပြောကြားပေးခဲ့တာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အစိုးရ၊ ပုဂ္ဂလိကနဲ့ဒေသခံပြည်သူများအနေဖြင့် ယင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ကောင်းကျိုး၊ ဆိုးကျိုးများကို ကြိုတင်သိရှိနားလည်နိုင်စေဖို့အတွက် ပြည်ပမှ ပညာရှင်များ အကူအညီနဲ့ကျွန်တော် English Version နဲ့ပဲ တင်ပြခွင့်ပြုပါ။ Policy for Responsible Tourism, Dos & Don't for International Visitors, Policy for Community Involvement in Tourism စာအုပ်၊ စာစောင်များကို ပြည်နယ်/တိုင်းဒေသကြီးများအထိ ထုတ်ဝေဖြန့်ချီပြီး ပညာပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်ပအကူအညီဖြင့် ဆောင်ရွက်ခဲ့တဲ့ Myanmar Tourism Master Plan ကို ယခု လာမယ့် ဇူလိုင်လမှာ ကျွန်တော် English-Myanmar Version (၂)ခုနဲ့ ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါ အခု ၂၀၁၅-၁၆ မှာ ကျွန်တော်တို့ မှန်းထားတာတော့ (၃)သန်းအထိ မှန်းထားပါတယ်။ ကျွန်တော်တို့ရဲ့ Master Plan သည် ၂၀၁၃ ကနေ ၂၀၂၀ အထိ ကျွန်တော်တို့ ဆွဲထားတဲ့ Plan ဖြစ်တဲ့အတွက် အဲဒီအချိန်မှာ ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကျွန်တော်တို့က ဧည့်သည်(၇)သန်းနဲ့ ဝင်ငွေအနေနဲ့ National Income ပေါ့၊ National Income အနေနဲ့ ကျွန်တော်တို့ (10)Billion အထိ မှန်းထားပါတယ်။ ဒီလိုလုပ်ဆောင်ဖို့အတွက်ဆိုလျှင် ကျွန်တော်တို့မှာ Strategic Program ဆိုပြီးတော့ (၆)ခုရှိပါတယ်။ အဲဒီ (၆)ခုကို အသေအချာ လုပ်နိုင်မယ်ဆိုရင် ဒါတော့ ကျွန်တော်တို့ ငွေတော့ရင်းပြီး လုပ်ရမှာ ဖြစ်ပါတယ်။ သဘောကတော့ သိပ်ရှုပ်နေမှာစိုးလို့ ကျွန်တော် မရှင်းတော့ပါဘူး။ ဒီ Strategic Program (၆)ခုကို လုပ်မယ်ဆိုရင် သူတို့ မှန်းထားတာကတော့ ဒေါ်လာသန်း(၅၀၀)နီးပါး ကုန်မှာဖြစ်ပါတယ်။ ဒီအတွက် ဒါဟာ စီမံကိန်း(၃၈)ခု ဖြစ်ပါတယ်။ အဓိကကျတဲ့ (၂၁)ခုကို လုပ်မယ်ဆိုရင်တော့ သန်း(၂၀၀)ကျော် လောက်ကျမှာ ဖြစ်ပါတယ်။ အခုဒါကိုစပြီး ကျွန်တော်တို့က ဒီစာစောင်ကြီးဟာ World Economic Forum မှာ ကျွန်တော်တို့ ချပြပြီး ဆွေးနွေးခဲ့တဲ့အတွက် ပထမဦးဆုံးအနေနဲ့ Grant (၃)သန်းကို ADB ကနေစတင်ပြီး ကမ်းလှမ်းလာပြီ ဖြစ်ပါတယ်။ အဲဒီ Grant ကတော့ East- West Corridor ပေါ့၊ အထူးသဖြင့်တော့ ဘားအံနဲ့ မော်လမြိုင် ဒီဒေသမှာ ကျွန်တော်တို့ Grant အနေနဲ့ အနေအထားကတော့ စောစောက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အတိုင်းပါပဲ Poverty Reduction အတွက် ကျွန်တော်တို့က စီစဉ်မယ်။ စီစဉ်ပြီးတော့ ဒီလမ်းကြောင်းဆက် မှာနဲ့ တစ်ခါ ဒီဒေသဖွံ့ဖြိုးဖို့အတွက်မှာ အထူးသဖြင့် ကျွန်တော်တို့ရဲ့ Micro Finance Enterprise Development ဒါကို ကျွန်တော်တို့စလုပ်ပါမယ်။ ဒီဟာလေးကို ကျွန်တော်တို့ တကယ်တမ်း သူတို့ အဖွဲ့ရော လာပြီဆိုတာနဲ့ ကျွန်တော်သက်ဆိုင်ရာ ပြည်နယ်တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေလည်း ကျွန်တော် ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ မူလမေးခွန်းမှာ မပါတဲ့ ဒီ Tourism Law ဖြစ်ပါတယ်။ တိုတိုပဲ ကျွန်တော်ရှင်းပြပါမယ်။ Law ကို 1992 က မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး၊ မြန်မာနိုင်ငံ ခရီးသွားလာရေးဥပဒေ ဆိုပြီး ကျွန်တော်တို့ ထုတ်ပြန်ခဲ့ပါတယ်။ သို့သော် Sorry ကျွန်တော်

အမှားပြင်ဆင်မှာ ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံ ခရီးသွား လာရေးဥပဒေ ဆိုပြီး စတင်ကျွန်တော်တို့ ဒါ ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ၁၉၉၂၊ စက်တင်ဘာလမှာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဒါ စတင်ဖွဲ့စည်းပါတယ်။ အဲဒီအချိန်မှာ ဒီ Law မှာ ပြင်ဆင်ချင်တာတွေ ရှိတဲ့အတွက် ၁၉၉၃ ခုနှစ်မှာ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေ ဆိုပြီးတော့ကျွန်တော်တို့ ထပ်မံပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီတော့ ဒီ Law ရဲ့ အနှစ်သာရကတော့ ကျွန်တော်တို့ဟာ ဟိုးတုန်းက ဒါ ဆိုရှယ်လစ်စနစ်မှာ ဒီ အစိုးရဌာနကပဲ ခရီးသွားလုပ်ငန်းကိုလည်း လုပ်တယ်။ ဟိုတယ်လုပ်ငန်းတွေလည်း အကုန်လုပ်တယ်။ နောက် ဒီဘက် ပြောင်းလာတဲ့ အခါကျတော့ ပုဂ္ဂလိကကိုပေးချင်တယ်။ ပေးချင်တဲ့အခါကျတော့ လုပ်ငန်းလိုင်စင် (၄) မျိုးကို ပုဂ္ဂလိကကို ပေးပြီး လုပ်ခိုင်းတာဖြစ်ပါတယ်။ အဲဒီမှာတော့ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း၊ ကျွန်တော်တို့ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဒါကတော့ Tour Agency ပေါ့နော်။ Travel Tour Operater, Travel Agency, နောက်တစ်ခါ Tourist Guide, အဲဒါရယ်၊ နောက် Tourist Transport ဆိုပြီးတော့ ဒီလုပ်ငန်း (၄)မျိုးကို ပုဂ္ဂလိကကို လုပ်ကိုင်ခွင့် ပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒါ ဒီကနေ့အထိ ကျွန်တော်တို့ ဒါဆက်လက်ပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ စောစောတုန်းက Master Plan မှာ ကျွန်တော်တို့ ဆွေးနွေးတဲ့ အခါမှာလည်း One of the Strategic Program မှာ ကျွန်တော်တို့ရဲ့ Institutional Framework နဲ့ စောစောကပြောတဲ့ Law တို့ Regulation တို့ ကျွန်တော်တို့ ပြန် Review လုပ်မယ် ဆိုတဲ့အချက်ကို ကျွန်တော် ထည့်သွင်းထားပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ ဒီ ကိုယ်စားလှယ်တော်ကြီး ဒီမှာ တင်ပြသွားတဲ့ Child Wise ပါ ခင်ဗျား။ ဒါကလေး ဒါ Negative Impact ဆိုတာ ကျွန်တော်အပေါ်မှာလည်း တင်ပြပြီးပါပြီ။ ဖြစ်နိုင်ပါတယ်။ အများကြီးဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ ရဲ့ ရိုးရာဓလေ့ထုံးတမ်းနဲ့၊ ကျွန်တော်တို့ရဲ့ ဘာသာတရားနဲ့၊ ကျွန်တော်တို့ရဲ့ လူမှုပတ်ဝန်းကျင်နဲ့ ထိန်းထားလို့ ဖြစ်ပါတယ်။ သို့သော်လည်း ဘာပဲဖြစ်ဖြစ် ဒီ Side Effect ကတော့ ရှိလာနိုင်ပါတယ်။ ဒါကို လွန်ခဲ့တဲ့ သုံးလေးနှစ်ကစပြီး ကျွန်တော်တို့ ကနေဒါ က အကူအညီနဲ့ အာဆီယံရော၊ ကနေဒါရော ကူညီတဲ့ Child Wise Tourism ဆိုပြီးတော့ ဒါကို Awareness Program ပေါ့နော် ကျွန်တော်တို့ ဒါတွေလုပ်ပါတယ်။ စောစောက ကျွန်တော်တင်ပြတဲ့ Dos and Don't ဆိုတာ အဲဒီ Bodlet တွေက အများကြီး ထိရောက်ပါတယ်။ အဲဒီမျိုးပဲ ကျွန်တော် အကုန်နေရာတိုင်းမှာ ဒီ Sticker တွေနဲ့၊ ကြော်ငြာတွေနဲ့၊ Banner တွေနဲ့ ဒါမျိုးလုပ်တာ ဖြစ်ပါတယ်။ အခုတစ်ခါ မကြာခင်မှာ ကျွန်တော်တို့ Child Save ဆိုပြီးတော့ ကျွန်တော်တို့ အဖွဲ့တစ်ဖွဲ့နဲ့ လုပ်ပေးဖို့လည်း ရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ မပြတ်ကို ကိုယ်စားလှယ်ကြီး ရှင်းလင်းတင်ပြတဲ့အတိုင်းပဲ မပြတ်ကို ဒါ နှိုးဆော်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ တစ်နှစ်ထက် တစ်နှစ် အရှိန်အဟုန်ကောင်းစွာနဲ့ ဆက်လက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ဒီလိုဖွံ့ဖြိုးလာတဲ့အခါ ခရီးစဉ် ဒေသအလိုက် စနစ်တကျ ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ ပြင်ဆင်မှုများကိုလည်း အချိန်နဲ့ တစ်ပြေးညီ ကျွန်တော်တို့ ကြိုးပမ်းလုပ်ကိုင်လျက်ရှိပါတယ်။ ဒီလို လုပ်ကိုင်တဲ့နေရာမှာ အစိုးရအဖွဲ့အစည်း တစ်ခုတည်းသာမကဘူး။ ပုဂ္ဂလိက အဖွဲ့အစည်းတွေနဲ့ရော၊ တစ်ဦးချင်းလုပ်ကိုင် ဆောင်ရွက်နေတဲ့

လုပ်ငန်းရှင်တွေရော၊ ပြည်သူလူထုပါ။ ဒီကနေ့ပြောနေတဲ့ ကျွန်တော်တို့ Public Private Partnership လို့ Three P နဲ့ ပြောတဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ကတော့ Public Private and People in the Community ပေါ့၊ ပြည်သူလူထုဟာ အများကြီး လိုအပ်ပါတယ်။ တစ်ချိန်မှာ ဒီရဲ့အမွေကို ပြည်သူလူထုက ခံရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုပါဝင်တဲ့ အဖွဲ့တွေကို ကျွန်တော်တို့ ဒေသတိုင်းမှာ ဖွဲ့စည်းပြီးတော့ Working Groups တွေနဲ့ ကျွန်တော်တို့ စတင်လှုပ်ရှားနေပြီ ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီလိုအားလုံးပါဝင်ပြီးတော့ တက်ကြွစွာ ပါဝင်ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ပေးစေလိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ငွေးချို - ရေနံချောင်း မီးရထားလမ်းသစ် တိုးချဲ့ ဖောက်လုပ်နိုင်ရန်အတွက် မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်သို့ တင်ပြဆောင်ရွက်ပြီး/မပြီး နှင့် နိုင်ငံတော်မှ ခွင့်ပြုခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ငွေးချို - ရေနံချောင်း မီးရထားလမ်းသစ် တိုးချဲ့ ဖောက်လုပ်နိုင်ရန်အတွက် မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်သို့ တင်ပြဆောင်ရွက်ပြီး/မပြီးနှင့် နိုင်ငံတော်မှ ခွင့်ပြုခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချောက်မြို့နယ်၊ ငွေးချိုမှ ရေနံချောင်းမြို့သို့ မီးရထားလမ်းသစ် ဖောက်လုပ်ပေးပါရန်ကိစ္စဟာ ထပ်မံမေးမြန်းခြင်း ဖြစ်ပါတယ်။ ယခုလို ထပ်မံမေးမြန်းခြင်းဟာလည်းပဲ တကယ့်ပြည်သူလူထုရဲ့ဆန္ဒ၊ ပြည်သူတွေရဲ့ လိုလားချက်အပြင် ကျွန်တော်တို့ ပထမအကြိမ် မေးမြန်းစဉ်က အဖြေတိတိကျကျ မသိရတဲ့အတွက်၊ ထပ်မံသိရှိလိုတဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဇင်းကိစ္စနှင့်ပတ်သက်လို့ ဒီပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ချောက်မြို့နယ်၊ ငွေးချိုဘူတာမှ ရေနံချောင်းမြို့သို့ မီးရထားလမ်းသစ် တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့ပါတယ်။ ထိုသို့ မေးမြန်းချက်အပေါ် ထိုစဉ်က ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတစ်ဝန်းလုံး ရထားလမ်းကွန်ယက် တိုးတက်စေရေးအတွက် ကြံခင်း - ပခုက္ကူ ရထားလမ်း (၃၂၀)မိုင်၊ ကသာ-ဗန်းမော်ရထားလမ်း(၉၈)မိုင်၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း(၂၂၆)မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း(၉၅)မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း(၁၃၂)မိုင်၊ ပုသိမ်-ဘဲကရက်-အိမ်မဲ-ညောင်တုန်း-ရန်ကုန်ရထားလမ်း(၁၂၀)မိုင်၊ ဟသ်ာတ-ဇလွန်-ခနောင်ဖြူ-ညောင်တုန်းရထားလမ်း

(၄၈)မိုင်၊ နေပြည်တော်-ဆင်သေ-တပ်ကုန်း-ပင်လောင်း(၁၂၀)မိုင်၊ မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-သီပေါ-လဲချား-နမ့်ဆန် ရထားလမ်း(၄၇၄)မိုင်၊ မုံရွာ-ကနီ-မင်းကင်း ကလေးဝ-ကလေး ရထားလမ်း (၁၂၅)မိုင်၊ တောင်ငူ-ရာဒို -လွိုင်ကော်ရထားလမ်း (၁၅၀)မိုင်၊ စုစုပေါင်း(၂၂၅၅)မိုင်ကို စီမံကိန်း (၁၃)ခုဖြင့် ဖောက်လုပ်ရန် လျာထားပြီး၊ (၄၇၅)မိုင်ကို ဖောက်လုပ်ပြီး ဖြစ်ပါကြောင်း၊ (၁၇၈၀)မိုင် ဆက်လက် ဖောက်လုပ်ရန် ကျန်ရှိနေသေးကြောင်းနဲ့ ဝွေးချို-ရေနံချောင်း မီးရထားလမ်း လမ်းသစ် ဖောက်လုပ်ရန် အတွက် နိုင်ငံတော်သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြား ခဲ့ပါတယ်။

သို့ပါ၍ အထက်ပါဖြေကြားချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံ ပြည်သူလူထု အကျိုးငှာ အောက်ပါမေးခွန်း(၄)ခုကို မေးမြန်းအပ်ပါတယ်။ (၁) ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားချက်အပေါ် နိုင်ငံတော်သို့ တင်ပြ ပြီး/မပြီး။ (၂) နိုင်ငံတော်သို့ တင်ပြပြီးပါက နိုင်ငံတော်အစိုးရမှ ခွင့်ပြုခြင်း ရှိ/မရှိ။ (၃) နိုင်ငံတော်အစိုးရက ခွင့်ပြုပါက ဖောက်လုပ်ပေးမည် ဆိုပါလျှင် မည်သည့်အချိန်တွင် စတင်ဖောက်လုပ်ပေးမည်၊ မည့်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်၊ မည်သို့ စီမံဆောင်ရွက်ပေးမည်။ (၄) ဖောက်လုပ်မပေးနိုင်ပါက မည်သည့် အတွက်ကြောင့် ဖောက်လုပ်ပေးနိုင်ခြင်း မရှိသည်တို့ကို သိရှိလိုပါသဖြင့် မေးမြန်းတင်ပြအပ် ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၅။**

**သူရဦးသောင်းလွင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း မှ ချောက်မြို့နယ်၊ ဝွေးချိုမှ ရေနံချောင်းမြို့သို့ မီးရထားလမ်းသစ် တိုးချဲ့ဖောက်လုပ်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ သိရှိလိုပါကြောင်း မေးမြန်းလာတဲ့ကိစ္စအား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး သူရဦးသောင်းလွင် မှ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ဝွေးချို-ရေနံချောင်း ရထားလမ်းဖောက်လုပ်ရေးနဲ့ ပတ်သက်ပြီးတော့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ လ(၂၀)ရက်နေ့မှာ အမျိုးသားလွှတ်တော်မှာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဖြေကြားစဉ်က မြန်မာ့မီးရထား အနေဖြင့် နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ယက် တိုးတက်ရေးအတွက် ဦးစားပေး ရထားလမ်း စီမံကိန်း (၁၃)ခု၊ ခရီးမိုင်(၂၂၅၅)မိုင်အနက် ဖောက်လုပ်ရန် (၁၇၈၀) ကျန်ရှိကြောင်း၊ အဆိုပါ ဦးစားပေး ရထားလမ်း စီမံကိန်း(၁၃)ခု ပြီးစီးချိန်မှာ ဝွေးချို-ရေနံချောင်း ရထားလမ်းပိုင်းဖောက်လုပ်ရန် စီမံသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

ငွေးချို-ရေနံချောင်း ရထားလမ်းဖောက်မည်ဆိုပါက မြေပြင်အနေအထားအရ ငွေးချိုမှ ရေနံချောင်းစက်မှုဇုန် ထိုမှတစ်ဆင့် ရေနံချောင်းသို့ ဖောက်လုပ်ရမည် ဖြစ်ရာ ခရီးမိုင်(၂၈)မိုင် ခန့်ရှိပြီး လုပ်ငန်းပမာဏအနေနဲ့ မြေသားလုပ်ငန်း(တူးမြေ/ဖြတ်မြေ) ကျင်းပေါင်း(၂၂.၅)သိန်း၊ ပေ(၈၀၀) အထက်မှာရှိတဲ့ ပင်းချောင်းတံတား(၁)စင်း၊ ပေ(၄၀)မှ(၈၀) ကြားတံတား(၂)စင်း၊ ပေ(၄၀)အောက် တံတား(၁၀၅)စင်း တည်ဆောက်ရမည်ဖြစ်တဲ့အတွက် ခန့်မှန်းကုန်ကျမှုမှာ စုစုပေါင်း ကျပ်(၂၂၀၀၀) ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ငွေးချိုကနေမှ ရေနံချောင်းကို လက်ရှိလည်း ကားလမ်း ရှိပါတယ်။ ကားလမ်းဟာ ခရီးသည်တွေ သွားလိုတဲ့နေရာကို တိုက်ရိုက်သွားစေနိုင်တဲ့အပြင် ရထားလမ်းထက် လည်း ပိုမိုလျင်မြန်စွာ သွားရောက်နိုင်တဲ့အတွက် ပြေးဆွဲတဲ့ကားကလည်း အရေအတွက် အများအပြား ရှိတဲ့အတွက် နောက်တစ်ခုကလည်း အချိန်မရွေးသွားလာနိုင်တဲ့ အားသာချက် တွေ ရှိပါတယ်။

ကျွန်တော်တို့ ငွေးချိုကနေ ရေနံချောင်းကို ရထားလမ်း ဖောက်လုပ်နိုင်ရေးအတွက် ကျွန်တော်တို့ ပဏာမ ကွင်းဆင်းလေ့လာတဲ့အခါမှာ ရထားတစ်စင်း ပြေးဆွဲနိုင်လောက်အောင် ခရီးသည် မရရှိနိုင်ခြင်း၊ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုအတွက် လုံလောက်သော အကြောင်းတရား မရှိခြင်းတို့ကြောင့် ဖောက်လုပ်ရန် မသင့်ကြောင်း သုံးသပ်တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ချောက်မြို့နယ်၊ ငွေးချိုမှ ရေနံချောင်းသို့ ရထားလမ်းဖောက်လုပ်ရန် နိုင်ငံတော်အစိုးရသို့ တင်ပြထားခြင်း မရှိပါ ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော်တို့ ပထမအကြိမ် တင်ပြခဲ့စဉ်က ကျွန်တော်တို့ မီးရထားလမ်းဟာ ဖောက်မယ်ဆိုရင် ဘာမှ အခက်အခဲ အတားအဆီး မရှိဘဲနဲ့၊ ကျွန်တော်တို့ ဘူတာကိုလည်းပဲ ပင်းချောင်းတံတား မကူးရဘဲနဲ့ စက်မှုဇုန်မှာ ဖောက်လုပ် ပေးဖို့ဆိုပြီး တင်ပြထားပါတယ်။ ခုန ဒုဝန်ကြီးဖြေတဲ့အထဲမှာ ဟုတ်လား ပင်းချောင်းတံတားကို ဖြတ်လျှင် ကုန်ကျမှုများမှာ စိုးတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ပဲ နိုင်ငံတော်အစိုးရကို ဆက်လက်ပြီး မတင်တဲ့ သဘောမျိုး ကျွန်တော်တို့ သုံးသပ်တွေ့ရှိပါတယ်။ တကယ်တမ်းသာ ကျွန်တော်တို့ ကုန်စည် စီးဆင်းမှုမှာ ရေနံချောင်းဟာ သင်္ဘောလမ်းလည်း မရှိတော့ပါဘူး။ ယခင်တုန်းက သင်္ဘောလမ်းရှိတဲ့ အတွက် တော်တော် ကုန်စည်စီးဆင်းမှု၊ အလုပ်အကိုင်ရရှိမှု ရှိသော်လည်းပဲ အခုအချိန်မှာ သင်္ဘောလမ်း မရှိတော့တဲ့အတွက် တော်တော်လေးပဲ ပြည်သူလူထုဟာ စားဝတ်နေရေး အကြပ်အတည်းလည်း ရှိပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီ မေတ္တာရပ်ခံတင်ပြလိုတာကတော့ ငွေးချို-ရေနံချောင်း၊ ရေနံချောင်းဆိုသော်လည်းပဲ စက်မှုဇုန် ဒီ ပင်းချောင်းတစ်ဖက်ကမ်းမှာပေ့ါ၊ ဒီ ပင်းချောင်းတံတားကြီးကို မဖြတ်ပါဘူး။ နောက်အဲဒီမှာ တည်ဆောက်ပေးစေဖို့ ကျွန်တော်အနေနဲ့ မေတ္တာရပ်ခံ ထပ်မံတင်ပြလို ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**သူရဦးသောင်းလွင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ အနေနဲ့ ဟိုဟာ ပိုပြီးတော့ သဲကွဲသွားစေရန်အတွက် ကျွန်တော်တို့ဆီက အဖွဲ့တစ်ဖွဲ့နဲ့၊ နောက် ဒေသခံတွေနဲ့ ကျွန်တော်တို့ ပူးပေါင်းပြီးတော့ အဖွဲ့တစ်ဖွဲ့နဲ့ ဆင်းပါ့မယ်။ ထပ်ပြီးတော့ ဖြစ်နိုင်ခြေ ရှိ/မရှိ ထပ်ပြီးတော့ လေ့လာသွားပါ့မယ်။

**ဥက္ကဋ္ဌ။** ။ စီးတဲ့လူ ရှိဖို့လိုတာပေါ့။

**သူရဦးသောင်းလွင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ဟုတ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ စီးတဲ့လူ စီးဖို့အတွက် Survey လုပ်ဖို့ လိုပါတယ်။ ငွေကုန်တာကတော့ စီးတဲ့လူ ရှိတယ်။ အကျိုးရှိတယ်ဆိုရင်တော့ ဒါနိုင်ငံတော်က လုပ်ပေးရမယ်။ လုပ်ပေးပြီးမှ စီးတဲ့လူ မရှိမှာ စိုးရတယ်။

## တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် ဆွေးနွေးချက်ကို စာရွက်စာတမ်းကို ကြည့်ပြီးတော့ ဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများအနေနဲ့ ရုံးဖွင့်ရက်နေ့တိုင်းလိုလို တရားမမှုများ၊ ရာဇဝတ်မှုများကို ကြားနာစစ်ဆေး ဆုံးဖြတ်နေကြရပါတယ်။ အဲဒီအမှုများကို ကြားနာစစ်ဆေးဆုံးဖြတ်ရာမှာ တရားမကျင့်ထုံး ဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေနဲ့အညီ ကြားနာစစ်ဆေးဆုံးဖြတ်ရပါတယ်။ ရာဇဝတ်ကျင့်ထုံးများနှင့် သက်ဆိုင်တဲ့ ရာဇသတ်ကြီးဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ တို့ကို တရားဝင်အင်္ဂလိပ်

ဘာသာမှ မြန်မာဘာသာ ပြန်ဆိုထားပြီး ဖြစ်ပေမယ့် တရားမကျင့်ထုံးဥပဒေကိုတော့ မြန်မာဘာသာဖြင့် တရားဝင်ပြန်ဆိုထားခြင်း မရှိသေးပါဘူး။ ပြင်ပ ဥပဒေပညာရှင်များ အချို့က မြန်မာဘာသာ ပြန်ဆိုထားတဲ့အတွက် အဆိုပါ ဘာသာပြန်ပြီး စာအုပ်များကို လေ့လာသုံးစွဲနေကြရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တရားမကျင့်ထုံးဥပဒေကို မြန်မာဘာသာပြန်ဆိုရန် လိုအပ်နေပါတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ တရားရုံးချုပ်က ပြန်ဆိုထားပါတယ်။ မြန်မာဘာသာပြန်ဆိုရခြင်းနှင့် ပတ်သက်လို့ တရားရုံးချုပ်က သုံးသပ်ထားတာ ရှိပါတယ်။ ဘယ်လိုသုံးသပ်ထားသလဲဆိုလို့ရှိရင် တရားသူကြီးများဟာ ရာဇဝတ်ကျင့်ထုံးဥပဒေကို နားလည်သဘောပေါက်ပြီး တိကျစွာလိုက်နာကျင့်သုံးကြလျှင် မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း၊ ဥပဒေဝန်ထမ်းများ၊ ရှေ့နေရှေ့ရပ်များနှင့် ရဲတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေကို ကျွမ်းကျင်နှံ့စပ် လိုက်နာနိုင်လျှင် မှန်မှန်နဲ့မြန်မြန် တရားစီရင်ရေးကို ထိရောက်စွာ အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း ရာဇဝတ်ကျင့်ထုံး ဥပဒေကို အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားပြဋ္ဌာန်းထားတဲ့အတွက် အချို့လူများဟာ အဲဒီ ဥပဒေပါပြဋ္ဌာန်းချက်များကို တိတိကျကျသဘောပေါက်နားလည်ရန် အခက်အခဲ ရှိမည်ဖြစ်ကြောင်း၊ ဒါကြောင့် အများနားလည် သိရှိနိုင်စေရန်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေကို တရားရုံးချုပ်က မြန်မာဘာသာ ပြန်ဆိုရခြင်း ဖြစ်ကြောင်း စသည်ဖြင့် သုံးသပ်ထားပါတယ်။ ထိုနည်းတူ တရားမကျင့်ထုံးဥပဒေကိုလည်း အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ နိုင်ငံတော်အနေဖြင့် ပြန်ဆိုပေးသင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းမှာ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ကိစ္စနဲ့ပတ်သက်လို့ အကျိုးအကြောင်းဖော်ပြချက်ကို ပူးတွဲတင်ပြထားပါတယ်။ အကျိုးအကြောင်း ဖော်ပြချက်ကို အခြေခံပြီး တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ရေးဆွဲထားပါတယ်။ ဒါကြောင့် အကျိုးအကြောင်းဖော်ပြချက်ကို လေ့လာပြီး ဆွေးနွေးတင်ပြရလျှင် ပိုမိုပြည့်စုံမှန်ကန် လိမ့်မယ်လို့ ယူဆပါတယ်။ ဦးစွာပထမ အကျိုး အကြောင်း ဖော်ပြချက် အမှတ်စဉ်(၂၀)နဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ ဖော်ပြပါ အမှတ်စဉ် (၂၀)မှာ တရားမကျင့်ထုံးဥပဒေ ၁၁၀ နဲ့ ပတ်သက်လို့ ပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ မူလပုဒ်မ ၁၁၀ မှာ ပါရှိတဲ့ Ten Thousand Kyats ဆိုသော စကားရပ်ကို 1,000,000 Kyats ဟူသော စကားရပ်ဖြင့် အစားထိုးတာကို တွေ့ရှိပါတယ်။ ဒါပေမဲ့ ၄င်းပုဒ်မမှာ ပါရှိတဲ့ the Supreme Court ဟူသောစာကားရပ်ကို ပြင်ဆင်ထားတာ မတွေ့ရှိရပါဘူး။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယခင်က the Supreme Court ဟူသော စကားရပ်ကို the Supreme Court of the Union ဟူ၍ ပြင်ဆင်ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် မူလတရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၀ မှာ ပါရှိတဲ့ the Supreme Court ဟူသောစကားရပ်ကို the Supreme Court of the Union ဟူသော စကားရပ်ဖြင့် ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၁ နဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ မူလ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၁ တွင်ပါရှိတဲ့ the High Court ဟူသော စကားရပ်ကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အကျိုးအကြောင်းဖော်ပြချက် အမှတ်စဉ်

(၂၁)တွင် the High Court of the Region (or) the High Court of the State ဟူသော စကားရပ်ဖြင့် အစားထိုးထားတာ တွေ့ရှိရပါတယ်။ ဒါပေမဲ့ A Division Court ဟူသော စကားရပ်ကို ပယ်ဖျက်ထားခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ထားတာ မတွေ့ရပါဘူး။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ Division Court ဟူ၍ ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ဒါကြောင့် မူလတရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၁ မှာပါရှိတဲ့ of one Judge of the Division Court ဟူသော စကားရပ်နှင့် or of a Division Court ဟူသော စကားရပ်တို့ကို ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ် ပါတယ်။ ဆက်လက် ပြီးတော့ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၅ နဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြ ပါမယ်။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အကျိုးအကြောင်းဖော်ပြချက် အမှတ်စဉ် (၂၄)မှာ the Higt Court ဟူသော စကားရပ်ကို the Supreme Court of the Union ဟူသော စကားရပ် ဖြင့်လည်းကောင်း၊ the State or Divisional Court ဟူသော စကားရပ်ကို the High Court of the Region or the High Court of the State ဟူသော စကားရပ်ဖြင့် လည်းကောင်း အစားထိုးထားပါတယ်။ ဒါပေမဲ့ decided by any Court subordinate to the High Court or the State or Divisional Court ဟူသော စကားရပ်ကို အစားထိုးရာမှာ the High Court ဟူသော စကားရပ်ကို the Supreme Court of the Union ဟူသော စကားရပ်ဖြင့် အစားထိုးခြင်းမပြုဘဲ ချန်လှပ်ထားတာကို တွေ့ရပါတယ်။ ဒါကြောင့် the Hight Court ဆိုတဲ့ စကားရပ်နေရာတွင် the Supreme Court of the Union ဟူသော စကားရပ်ဖြင့် ထည့်သွင်းရန် လိုအပ်နေပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၅ ရဲ့ ဒုတိယ ခြွင်းချက်နဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ မူလ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၅ ရဲ့ ဒုတိယခြွင်းချက်မှာ Provided also that nothing in this provise shall affect the power of Supreme Court in the exercise of its revisional jurisdiction ဟူ၍ ရေသားပြဋ္ဌာန်းထားပါတယ်။ ဖော်ပြပါ ဒုတိယခြွင်းချက်ကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းမှာ ယင်းစာပိုဒ်အား ပယ်ဖျက်ရန်ဟူ၍ ရေးသားထားပါတယ်။ ဖော်ပြပါ ဒုတိယ ခြွင်းချက်ဟာ မူလက မပါရှိပါဘူး။ ၂၀၀၈ ခုနှစ်မှာ တရားရုံးချုပ်က ဥပဒေအမှတ်၊ ၆/၂၀၀၈ အရ ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ လိုအပ်လို့ ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ မြို့နယ်တရားရုံးရဲ့အမိန့်ကို ခရိုင်တရားရုံးမှာ ပြင်ဆင်မှုလျှောက်ထား နိုင်ပါတယ်။ ဒါပေမဲ့ ခရိုင်တရားရုံးက ချမှတ်တဲ့ ပြင်ဆင်မှုအမိန့်ကို ပြည်နယ်/တိုင်းတရားရုံးမှာ ပြင်ဆင်မှုလျှောက်ထားခြင်း မပြုနိုင်ပါ။ ဥပဒေ အမှတ်၊ ၆/၂၀၀၀ အရ ဖြစ်ပါတယ်။ ဒါပေမဲ့ ခရိုင်တရားရုံးရဲ့ ပြင်ဆင်မှုအမိန့်ကို တရားရုံးချုပ်မှာ ဥပဒေအမှတ်၊ ၆/၂၀၀၈ အရ ပြင်ဆင်မှု လျှောက်ထားနိုင်ပါတယ်။ ခရိုင်တရားရုံး က ပြင်ဆင်မှုတွင် ချမှတ်ထားသော ဆုံးဖြတ်ချက်သည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂(၂) အရ ဒီကရီမြောက်စေကာမူ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉၆ အရ ပြည်နယ်/တိုင်း တရားရုံး၌ အယူခံဝင်ခွင့် မရှိပါဘူး။ (ဦးခင်မောင်လင်း နဲ့ ဦးလှမြင့် အမှုစီရင်ထုံး ၂၀၀၃ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာမျက်နှာ(၂၁၀)ကို ရည်ညွှန်းပါတယ်။) တရားရုံးချုပ်မှာတော့ ပြင်ဆင်မှုတင်သွင်း လျှောက်ထားနိုင်ပါတယ်။

တရားရုံးချုပ်က ထိုပြင်ဆင်မှုလျှောက်လွှာကို လျှောက်လွှာများ စိစစ်ရေး မှတ်ပုံတင်စာအုပ် ပုံစံ(က)မှာ လိုအပ်သလို ရေးသွင်းမှာ ဖြစ်ပါတယ်။ ပြင်ဆင်မှုလျှောက်လွှာကို ပဏာမ စိစစ်ရေးအဖွဲ့က စိစစ်ပြီး လက်ခံသင့်ကြောင်း တွေ့ရှိလျှင် တရားရုံးချုပ်၊ တရားသူကြီး အစည်းအဝေးမှာ တင်ပြရမှာ ဖြစ်ပါတယ်။ ထိုအစည်းအဝေးက ပြင်ဆင်မှုကို ခွင့်ပြုကြောင်း ဆုံးဖြတ်လျှင် တရားမဌာနမှာ ပြင်ဆင်မှုဖွင့်မှာ ဖြစ်ပါတယ်။ ထိုအစည်းအဝေးက ပြင်ဆင်မှုကို ခွင့်မပြုကြောင်း ဆုံးဖြတ်လျှင် တရားမဌာနက လျှောက်လွှာကို ခွင့်မပြုကြောင်း သက်ဆိုင်သူထံ အကြောင်းကြားမှာ ဖြစ်ပါတယ်။ တရားရုံးချုပ်ရဲ့ ၂၇-၄-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၄/၅ တရားမ ၂၀၁၉ အရ ပေးပို့သော ၂၇-၄-၂၀၁၉ရက်စွဲပါစာဖြင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းကို ရည်ညွှန်းပါတယ်။ ဒါကြောင့် ပုဒ်မ ၁၁၅ အရ ဒုတိယခြွင်းချက်ဟာ တရားရုံးချုပ်ရဲ့ သီးသန့် စီရင်ပိုင်ခွင့် အာဏာဖြစ်ပါတယ်။ ဒါကြောင့် ၁၁၅ ရဲ့ ဒုတိယခြွင်းချက်ကို မပယ်ဖျက်သင့်ပါကြောင်း တင်ပြလိုပါတယ်။ အဲဒီ ဒုတိယခြွင်းချက်မှာ ပါတဲ့ the Supreme Court ဟူသော စကားရပ်ကို the Supreme Court of the Union ဟူသော စကားရပ်ဖြင့် ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် ရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဗိုလ်မှူးချုပ် ကျော်ဦးလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြည်း ၁၃၇၆၅ ဗိုလ်မှူးချုပ် ကျော်ဦးလွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော်က ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

၁။ ပြည်ထောင်စုလွှတ်တော်က ၁၂-၁၂-၂၀၁၂နေ့တွင် ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၉-၁-၂၀၁၃ ရက်နေ့တွင် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ယင်းဥပဒေကြမ်းတွင် အခန်း(၉)ခန်းနှင့် ပုဒ်မ(၃၃)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်း၏ နိဒါန်းတွင် ဖော်ပြထားသော ရည်ရွယ်ချက်များမှာ များပြားနေသောကြောင့် အခြားပြဋ္ဌာန်းပြီးသော ဥပဒေရေးထုံးနှင့် တူညီမှုရှိစေရန် နိဒါန်းဟူသော စာသားများအား ဖြုတ်၍ ရည်ရွယ်ချက်များ ဟု ပြင်ဆင်ပြီး အခန်း(၂)၊ ပုဒ်မ ၃ အဖြစ် ဖြည့်စွက်ဖော်ပြသင့်ပါသည်။ ထို့ပြင် အခန်း(၂) ပါ ရည်ရွယ်ချက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)၊ အပိုဒ်(၉)၊ လူမှုရေးကဏ္ဍရှိ အပိုဒ်ခွဲ(ဌ) ပါ ကလေးသူငယ်များအား စောင့်ရှောက်ရေးကိစ္စများကိုပါ ဤဥပဒေကြမ်းတွင် ထည့်သွင်း ဖော်ပြသင့်ပါသောကြောင့် အခန်း(၂)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)၏ နောက်တွင် ကာကွယ် စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးကလေးသူငယ်များအား ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးအတွက် ဖြည့်ဆည်းပေးနိုင်ရန် ဟူသော စကားရပ်အား ပုဒ်မခွဲ(ဃ)အဖြစ် အသစ်ဖြည့်စွက်ဖော်ပြသင့်ပါသည်။

(ခ) ဤဥပဒေကြမ်းတွင် ပါရှိသော စကားရပ်ဖွင့်ဆိုချက်များနှင့် စပ်လျဉ်း၍-

(၁) ဤဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ရှေးဦးကလေးသူငယ် ဆိုသည်မှာ မွေးကင်းစမှ အသက်ငါးနှစ်ပြည့်သည့် အရွယ်အထိ ရှိသူကို ဆိုသည်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရှေးဦးကလေးသူငယ် အသက်သတ်မှတ်ချက်နှင့် လိုက်လျောညီထွေ ရှိစေရန် ရှေးဦးကလေးသူငယ်ဆိုသည်မှာ မွေးကင်းစမှ အသက်ရှစ်နှစ်ပြည့်သည့် အရွယ်အထိ ရှိသူကို ဆိုသည် ဟု ပြင်ဆင်သင့်ပါသည်။

(၂) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)နှင့်(ဇ)တို့တွင် ဖော်ပြထားသည့် ပြည်တွင်းပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း ဟူသော စကားရပ်အစား စကားရပ် အသုံးအနှုန်း ရှေ့နောက် ညီညွတ်မှုရှိစေရန် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဟု ပြင်ဆင်သင့်ပါသည်။

(၃) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)တွင် ဖော်ပြထားသော တည်ထောင်ဖွင့်လှစ်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည် ဟူသော စကားရပ်အစား အခန်း(၃)တွင် မှတ်ပုံတင်ကြေးပေးသွင်းရန် အချက်များပါရှိသဖြင့် တည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ မှတ်ပုံတင်ပြီး ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည် ဟု ပြင်ဆင်သင့်ပါသည်။

(ဂ) ဤဥပဒေကြမ်း၏ အခန်း(၃)၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ -

(၁) မူလပုဒ်မ ၃ ၌ ဗဟိုကြီးကြပ်ရေးအဖွဲ့တွင် ဒုတိယဝန်ကြီးအား ဥက္ကဋ္ဌ နေရာတွင် ဖော်ပြထားရာ ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးချုပ်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်ပါ၍ ဥက္ကဋ္ဌနေရာတွင် ဒုတိယဝန်ကြီး အစား ပြည်ထောင်စုဝန်ကြီး ဟုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌနေရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် အစား ဒုတိယဝန်ကြီး ဟု လည်းကောင်း၊ အဖွဲ့ဝင်နှင့် အတွင်းရေးမှူး နေရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် အစား ညွှန်ကြားရေးမှူးချုပ် ဟု လည်းကောင်း၊ အဖွဲ့ဝင် နေရာတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးအစား ဥက္ကဋ္ဌ ဟု လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး နေရာတွင် ညွှန်ကြားရေးမှူး အစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဟု လည်းကောင်း ပြင်ဆင်ဖွဲ့စည်းသင့်ပါသည်။

(၂) အဆိုပါ ဗဟိုကြီးကြပ်ရေးအဖွဲ့တွင် ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် ပြောင်းလဲသတ်မှတ်ထားပါသောကြောင့် ဝန်ကြီးဌာနက ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းမည့်အစား ပြည်ထောင်စုအစိုးရအဖွဲ့ကသာ ဖွဲ့စည်းသင့်ပါသဖြင့် မူလဥပဒေကြမ်း ပုဒ်မ ၃ ခြေဆင်း၌ပါရှိသော ဝန်ကြီးဌာန ဟူသော စာသား အစား ပြည်ထောင်စုအစိုးရအဖွဲ့ ဟု ပြင်ဆင်သင့်ပြီး မူလပုဒ်မ ၃ အား ပုဒ်မ ၄၊ ပုဒ်မခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ပါသည်။

(၃) ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်ရန် ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ဗဟိုကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်းပြုနိုင်သည် ဟူသော စကားရပ်အား ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)အဖြစ် အသစ်ဖြည့်စွက်သင့်ပါသည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ -

(၁) ဤဥပဒေကြမ်း ပုဒ်မ၄၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသည့် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများအား ကြီးကြပ်စစ်ဆေးခြင်း ဟူသော ဖော်ပြချက်အစား ဗဟိုကြီးကြပ်ရေးအဖွဲ့က ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေး

အဖွဲ့များက ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား လည်းကောင်း ခွင့်ပြုချက်ပေးနိုင်ရန် လိုအပ်သဖြင့် ယခု ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ) တွင် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအား နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများအား တည်ထောင် ခွင့်ပြုမိန့်နှင့် ရပ်ရွာ အခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြု လုပ်ငန်းများအား ခွင့်ပြုချက်များ ထုတ်ပေးခြင်း ဟု ပြင်ဆင်သင့်ပါသည်။

(၂) ခွင့်ပြုချက်များ ထုတ်ပေးပြီးနောက် ကြီးကြပ်ရန်နှင့် စစ်ဆေးရန် လိုအပ်သဖြင့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်သော နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြို ကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း၊ ဟူသော စကားရပ်အား ပုဒ်မ ၅၊ ပုဒ်မခွဲ(င)အဖြစ် အသစ်ဖြည့်စွက်သင့်ပါသည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)၊ အပိုဒ် ၉၊ လူမှုရေးကဏ္ဍရှိ အပိုဒ်ခွဲ(ဌ)ပါ ကလေးသူငယ်များအား စောင့်ရှောက်ရေးကိစ္စများကို အခန်း(၂)၊ ရည်ရွယ်ချက်များတွင် ထည့်သွင်းထားပါသဖြင့် ဤအခန်းတွင် ပုဒ်မ ၅၊ပုဒ်မခွဲ(င)၏ နောက်၌ ပုဒ်မ ၅၊ ပုဒ်မခွဲ(စ)အဖြစ် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးကလေး သူငယ်များအား ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် အကူအညီပေးရေးအတွက် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း ဟူသော စကားရပ်အား ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအဖြစ် ထည့်သွင်းဖော်ပြသင့်ပါသည်။

(င) အခန်း(၄)အဖြစ် ဖြည့်စွက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များကို ကြီးကြပ် ဆောင်ရွက်မည့် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ချိတ်ဆက်မှုရှိစေရန်နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဖွဲ့စည်း နိုင်ရန် ဤဥပဒေကြမ်း အခန်း(၄) တွင် ပုဒ်မ ၆ အဖြစ်လည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ပြည်တွင်း ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်သော ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် ပုဒ်မ ၇ အဖြစ် လည်းကောင်း ဖြည့်စွက်သင့်ပါသည်။

(စ) အခန်း(၅)အဖြစ် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများနှင့် စပ်လျဉ်း၍ -

(၁) ဤဥပဒေကြမ်း ပုဒ်မ ၅ တွင် နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ရေးအတွက် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရာတွင် ပြည်တွင်း ပြည်ပ ဟူ၍ (၂)ပိုင်းခွဲကာ ခွင့်ပြုချက်ပေးနိုင်ရန် တည်ထောင် ဖွင့်လှစ်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းဟူသော စာသားအစား ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဟု ပြင်ဆင်သင့်ပြီး ပုဒ်မ ၈ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ပါသည်။

(၂) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ် သော အဖွဲ့အစည်းက တည်ထောင် ခွင့်ပြုမိန့်ရရှိရေးအတွက် လျှောက်ထားချက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရန်ဖြစ်ပြီး ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တည်ထောင် ဖွင့်လှစ်ရေးအတွက် တည်ထောင်ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေး အဖွဲ့က ထုတ်ပေးနိုင်ရန် မူလ ပုဒ်မ ၆ ပါ စကားရပ်အစား ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) အဖြစ် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက် ဖြစ်ပါက သဘောထား မှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည် ဟု လည်းကောင်း၊ ပုဒ်မခွဲ(ခ)အဖြစ် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ တည်ထောင် ခွင့်ပြုမိန့် ထုတ်ပေးရန် ခွင့်ပြုပါက တည်ထောင်ခွင့်ပြုမိန့် သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည် ဟု လည်းကောင်း၊ ပုဒ်မခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(ခ)အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးလျှင် ယင်းသို့ ထုတ်ပေးခြင်းမပြုမီ မှတ်ပုံတင်ကြေးပေးသွင်းစေရမည် ဟု လည်းကောင်း၊ ပုဒ်မခွဲ(ဃ)အဖြစ် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့်သတ်မှတ်ရမည်ဟု လည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့်ပါသည်။

(ဆ) ဤဥပဒေကြမ်း၏ မူလပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် လျှောက်ထားချက်အတွက် တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည် ဟူသော စကားရပ်အစား အရေးအသားပြေပြစ်စေရန် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)အဖြစ် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)အရ တင်ပြသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် တည်ထောင် ခွင့်ပြုမိန့် ထုတ်ပေးရန်

ငြင်းပယ်ခြင်း ပြုနိုင်သည် ဟု ပြင်ဆင်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)အဖြစ် ပုဒ်မခွဲ(က)အရ တည်ထောင်ခွင့်ပြုမိန့်ကို ထုတ်ပေးလျှင် ယင်းသို့ ထုတ်ပေးခြင်းမပြုမီ မှတ်ပုံတင်ကြေးပေးသွင်းစေရမည် ဟူသော စကားရပ်အားလည်းကောင်း၊ ပုဒ်မခွဲ(ဂ) အဖြစ် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို ပြည်ထောင်စုအစိုးရ၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည် ဟူသော စကားရပ်အား လည်းကောင်း ဖြည့်စွက်ဖော်ပြသင့်ပါသည်။

(ဇ) ဤဥပဒေကြမ်း၏ ပုဒ်မ ၉ တွင် တည်ထောင်ခွင့်ပြုသက်တမ်းတိုးမြှင့်လိုပါက ဟု ဖော်ပြထားပြီး သက်တမ်းသတ်မှတ်သည့် သတ်မှတ်ချက်မပါရှိသဖြင့် ပုဒ်မ ၁၂ အဖြစ် ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကို နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုသည့်အခါ တည်ထောင်ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည် ဟု ဖြည့်စွက်ဖော်ပြသင့်ပါသည်။ ထို့ပြင် မူလပုဒ်မ ၉ နှင့် ပုဒ်မ ၁၄ တို့တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်း ဟူသော စာသားအစား စကားရပ်အသုံးအနှုန်း ရှေ့နောက်ညီညွတ်မှုရှိစေရန် ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဟု ပြင်ဆင်သင့်ပြီး မူလပုဒ်မ ၉ အား ပုဒ်မ ၁၃ အဖြစ်လည်းကောင်း၊ မူလပုဒ်မ ၁၄ အား ပုဒ်မ ၁၉ အဖြစ် လည်းကောင်း ပြောင်းလဲအမှတ်စဉ်သင့်ပါသည်။

(ဈ) ဤဥပဒေကြမ်း၏ မူလပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည် ဟူသော စာသားအစား အရေးအသားမှန်ကန်စေရန် ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့အဖြစ် ပြင်ဆင်ဖြည့်စွက်သင့်ပါသည်။ ထို ပုဒ်မ ၁၄ တွင် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည် ဟု ပြင်ဆင်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၁၅ ၌ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ပြည်တွင်းနှင့်ပြည်ပ အဖွဲ့အစည်းများအား ခွဲခြား၍ ခွင့်ပြုချက်ပေးနိုင်ရန် ပုဒ်မ ၁၅ အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး ဟူသော ခြေဆင်းစာသားနောက်တွင် ပုဒ်မခွဲ(က)အဖြစ် တည်ထောင် ခွင့်ပြုမိန့် ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်း ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာန မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည် ဟု လည်းကောင်း ပုဒ်မခွဲ(ခ)အဖြစ် တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့်ကို

သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည် ဟု လည်းကောင်း၊ ပုဒ်မခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(ခ)အရ သက်တမ်းတိုးမြှင့် ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ပေးခြင်း မပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည် ဟု လည်းကောင်း ပြောင်းလဲဖော်ပြသင့်ပါသည်။

(ည) အခန်း(၇)အဖြစ် ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤမူလဥပဒေကြမ်း၏ မူလပုဒ်မ ၁၆ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၅ အရ ဆက်လက်တင်ပြသော လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက် တင်ပြရမည် ဟူသော စကားရပ်ကို ပုဒ်မ ၂၁ အဖြစ် ပြင်ဆင်ဖော်ပြသင့်ပါသည်။ ရပ်ရွာအခြေပြု လုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ ဆောင်ရွက်လိုသော ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းနှင့် ပြည်ပဟူ၍ (၂)ပိုင်းခွဲကာ ဗဟိုကြီးကြပ်ရေးအဖွဲ့က ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များက ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလည်းကောင်း ခွင့်ပြုချက်ပေးနိုင်ရန် အဓိကအားဖြင့် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သဖြင့် ပုဒ်မ ၂၁ အဖြစ် ပြင်ဆင်ဖြည့်စွက်၍ အောက်ပါအတိုင်း ဖော်ပြသင့်ပါသည် -

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၀ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး -

(၁) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက် ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်း ဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(၂) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက စိစစ်ပြီး ခွင့်ပြုချက် သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၃) ပုဒ်မခွဲငယ်(၂)အရ ခွင့်ပြုချက်ထုတ်ပေးပါက ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေး ပေးသွင်းရမည်။

(ခ) ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(ဋ) ထို့ပြင် မူလပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့ကို ပေါင်း၍ ပုဒ်မ ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်၍ ဖော်ပြသင့်ပါသည် -

၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စည်းကမ်း ချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်ထုတ်ပေးပါက ခွင့်ပြုချက်အတွက် နှစ်စဉ် ကြေးပေးသွင်းစေရမည်။

(ဂ) ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(ဌ) ထို့ပြင် မူလပုဒ်မ ၂၀ ၌ ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် ကိစ္စပါရှိသော်လည်း သက်တမ်းသတ်မှတ်သည့်အချက် မပါရှိခြင်းကြောင့် ဗဟို ကြီးကြပ်ရေးအဖွဲ့သည် ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြု လုပ်ငန်းတို့ကို တည်ထောင်ဖွင့်လှစ်ခွင့် ပြုသည့်အခါ ခွင့်ပြုချက် သက်တမ်းကို သတ်မှတ်ပေး ရမည် ဟူသော စကားရပ်အား ဤဥပဒေကြမ်းတွင် ပုဒ်မ ၂၃ အဖြစ် ဖြည့်စွက် သင့်ပါသည်။

(ဍ) မူလပုဒ်မ ၂၂ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၁ အရ တင်ပြသော လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည် ဟူသော ဖော်ပြချက်နှင့် မူလပုဒ်မ ၂၃ တွင် လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၂၂ အရ ဆက်လက်တင်ပြသော လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး အကျိုးအမြတ်ရယူရန် ရည်ရွယ်ခြင်း မရှိဘဲ ဆောင်ရွက်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်း အတွက် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်ကြောင်း၊ အကျိုးအမြတ်ရယူရန် ရည်ရွယ်၍ ဆောင်ရွက်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းဖြစ်ပါက ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက် တင်ပြရမည်ဖြစ်ကြောင်း ဖော်ပြချက်များအစား ပြည်တွင်းမှ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုချက်ပေးနိုင်၍ ပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက် ဖြစ်ပါက လူမှုဝန်ထမ်းဦးစီးဌာန မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ဗဟိုကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုချက် ပေးနိုင်ရန် မူလပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၃ တို့ကို ပေါင်းပြီး ပုဒ်မ ၂၆ အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ဖြည့်စွက်သင့်ပါသည် -

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို လက်ခံရရှိသည့် အခါ စိစစ်ပြီး -

(က) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်း ဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း သို့မဟုတ် သက်တမ်း တိုးမြှင့်ရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်း မပြုမီ သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေရမည်။

(ပ) ဤဥပဒေကြမ်း၏ မူလပုဒ်မ ၂၄ တွင် ဖော်ပြထားသည့် ဗဟိုကြီးကြပ်ရေး အဖွဲ့သည် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ လူမှုဝန်ထမ်းဦးစီးဌာနက တင်ပြသော အကျိုးအမြတ်ရယူရန် ရည်ရွယ်၍ ဆောင်ရွက်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည် ဟူသော ဖော်ပြချက်နှင့် မူလပုဒ်မ ၂၅ တွင် ဖော်ပြထားသည့် လူမှုဝန်ထမ်း ဦးစီးဌာနသည် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို သက်တမ်းတိုးမြှင့်ပေးရန် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က) အရ ခွင့်ပြုလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ အရ ခွင့်ပြုလျှင် ဖြစ်စေသက်တမ်းတိုး မြှင့်ကြေးပေးသွင်း စေပြီးခွင့်ပြုချက်ကို ထုတ်ပေးရမည် ဟူသော ဖော်ပြချက်များအစား အရေးအသား ကျစ်လျစ်စေရန် ထိုမူလပုဒ်မ ၂၄ နှင့် ၂၅ တို့အား ပေါင်းစည်း၍ ပုဒ်မ ၂၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်၍ ဖော်ပြသင့်ပါသည် -

၂၇။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)အရ တင်ပြသော သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့် ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်းမပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်။

(ဖ) အခန်း(၈)အဖြစ် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် စပ်လျဉ်း၍ မူလဥပဒေကြမ်း၏ အခန်း(၇) အယူခံခြင်း အခန်းတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အမိန့်ကို ပြည်ထောင်စုဝန်ကြီးထံ အယူခံနိုင်ကြောင်းပါရှိခဲ့ပြီး ယခု ပြင်ဆင်ထားသော ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဖွဲ့စည်းပုံတွင် ဥက္ကဋ္ဌမှာ ပြည်ထောင်စုဝန်ကြီး ဖြစ်သောကြောင့်

အယူခံမှု အခန်း(၉)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့၏ အမိန့်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အယူခံနိုင်ရန် ပြင်ဆင်ဖော်ပြထားသဖြင့် မူလ အခန်း (၆)၊ ပုဒ်မ ၂၇ အစား ပုဒ်မ ၂၉ အဖြစ် ပြင်ဆင်ဖြည့်စွက်သင့်ပါသည် -

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းက ပုဒ်မ ၁၇၊ ပုဒ်မ၁၈ နှင့်ပုဒ်မ ၂၈ တို့ပါ သက်ဆိုင်ရာ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ် ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

(တ) ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့၏ အမိန့်အပေါ် ပုဒ်မ ၃၀ ၏ ဗဟိုကြီးကြပ်ရေးအဖွဲ့က အမိန့်ချမှတ်နိုင်ရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက် ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းက ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ၂၈ တို့ပါ သက်ဆိုင်ရာ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း ဟု ပြင်ဆင်ဖြည့်စွက်ဖော်ပြသင့်ပါသည်။

(ထ) ဤဥပဒေကြမ်း၏ မူလအခန်း(၇) အယူခံခြင်းအခန်း၊ မူလပုဒ်မ ၂၈ တွင် ဖော်ပြထားသည့် အယူခံခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်သည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ် အခြေပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၉ အရ ချမှတ်သည့်အမိန့်ကို မကျေနပ်သူက

ဗဟို ကြီးကြပ်ရေးအဖွဲ့သို့ အယူခံနိုင်ရန်အတွက် ပုဒ်မ ၃၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ဖြည့်စွက်သင့်ပါသည် -

၃၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ဆောင်ရွက်သည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၉ အရ ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့် အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ(က)အရ အယူခံမှုကို စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ချမှတ်သော အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဒ) ဤဥပဒေကြမ်း၏ မူလပုဒ်မ ၃၂ တွင် ဖော်ပြထားသည့် ဤဥပဒေပါ ပြစ်မှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးကသာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့် ရှိသည် ဟူသော ဖော်ပြချက်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးကသာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်ဟု ဖော်ပြပါက ထိုဦးစီးမှူးက တရားရုံးတွင် ဦးတိုက်စွဲဆိုပြီး တရားရုံးတွင် အမှုမပြီးမချင်း အမှုရင်ဆိုင်နေရမည် ဖြစ်သဖြင့် ထိုဖော်ပြချက်အစား ဤဥပဒေပါ ပြစ်မှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူး၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည် ဟု ပြင်ဆင်ဖော်ပြသင့်ပြီး ပုဒ်မ ၃၅ အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ ဤဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါသည်။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၃၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၄၅) နာရီအချိန်၌ ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအမည်စာရင်း တင်သွင်းထားပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖတ်ကြားပြီး ဆွေးနွေးခွင့်ပြုပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဥပဒေကြမ်းဟာ (၅)နှစ်အောက် ကလေးသူငယ် များရဲ့ အသက်အရွယ်အလိုက် ဘက်စုံဖွံ့ဖြိုးမှုကိုရရှိရန် များစွာအထောက်အကူပြု ဆောင်ရွက်နိုင် သည် ဆိုတာ မငြင်းနိုင်ပါဘူး။ ဒီဥပဒေပြဋ္ဌာန်းချက်တွေဟာ ခေတ်မီပြီး ထောင့်စေ့အောင် လုပ်ထားတာ တွေ့ရပါတယ်။ (၂)နှစ်အောက် ကလေး(၃)ဦးမှာ ဆရာ(၁)ဦး၊ (၂)နှစ်က(၃)နှစ်ထိ ကလေး(၆)ဦးမှာ ဆရာ(၁)ဦး အစရှိသည်ဖြင့် နောက်ပြီး ကလေး(၁)ဦးရရှိမယ့် ဧရိယာအကျယ်အဝန်း စသည်ဖြင့် အသေးစိတ် ပါရှိတာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီဥပဒေကို ထောက်ခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တစ်ပုဒ်ချင်းထက် ခြုံငုံပြီးသာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းဟာ ကောင်းမွန်ပြည့်စုံပေမယ့် လိုအပ်တာတွေ အနည်းငယ်ရှိမယ်ထင်လို့ ထောက်ပြပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေရေးအမြင်က ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေဆိုတဲ့ ကျယ်ပြောတဲ့ သဘောဆောင် ပါတယ်။ ကလေးသူငယ်ကိစ္စ၊ ကလေးသူငယ် ပြုစုပျိုးထောင်ရေး ဆိုတာ အမှန်က အတော်ကျယ်ပြော တဲ့ကိစ္စ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီဥပဒေဟာ နေ့ကလေးထိန်းနဲ့ မူကြိုကျောင်း(၂)ခုရဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း NGO နဲ့ ပုဂ္ဂလိကတွေကို ထိန်းချုပ်တဲ့ဥပဒေသာ ဖြစ်နေပါတယ်။ မူကြိုနဲ့ နေ့ကလေးထိန်းကျောင်း တွေကို ဆိုတာကလည်း မြို့ပြတွေမှာသာ ရှိတာဖြစ်ပါတယ်။ မြို့ပြကို အသားပေးတဲ့ ဥပဒေ ဖြစ်ပါတယ်။ နိုင်ငံရဲ့အများစု လူထု(၇၀)ရာခိုင်နှုန်းကျော်ဟာ ကျေးလက်မှာ နေထိုင်ကြတာ ဖြစ်ပါတယ်။ ဥပဒေမှာတော့ ရပ်ရွာအခြေပြု၊ အိမ်အခြေပြု၊ ရပ်ကွက်ကျေးရွာအတွင်း ဆောင်ရွက် နိုင်တာ တွေပါပါတယ်။ ဒီအတွက် ဆရာတွေရဲ့ အတန်းပညာ၊ ဒီပလိုမာ လက်မှတ်အဆင့်အတန်း ကိုလည်း လိုက်လျောညီထွေ လျှော့ချပေးတာ တွေ့ရပါတယ်။ ဒါဟာ ကောင်းမွန်ပါတယ်။ ကျေးလက် တောရွာတွေနဲ့ ကိုက်ညီမှု ရှိပါတယ်။

သို့သော်လည်းပဲ ဒီကောင်းတဲ့အချက်တွေဟာ NGO တွေနဲ့ စေတနာရှင်တွေအတွက်ပဲ ဖြစ်နေတာ တွေ့ရပါတယ်။ ပြည်သူအများစုပါဝင်ပြီး အကျိုးခံစားရဖို့ လိုနေသေးတာ တွေ့ရှိရပါတယ်။ ကျေးလက်တောရွာတွေမှာ NGO တွေနဲ့ စေတနာရှင်တွေ ဘယ်လောက်များများ ရောက်ရှိနိုင်ပါမလဲ၊ ကျေးလက်က ကလေးတွေကိုရော ဘယ်လိုပြုစုပျိုးထောင်မလဲဆိုတဲ့ မေးခွန်းတွေရှိလာပါတယ်။ မြို့ပြမှာဆိုရင်လည်း မူကြိုနဲ့ နေ့ကလေးထိန်းကျောင်း ပြင်ပက ကလေးတွေဟာ အများစုပါ။ သူတို့တွေကို ဘယ်လိုပြုစုပျိုးထောင်မလဲဆိုတာလည်း မေးခွန်းတစ်ခုပါပဲ၊ နိုင်ငံတော်က ငွေကြေး ကုန်ကျပြီး ကူညီပံ့ပိုးရမယ်လို့ ကျွန်တော် ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းရဲ့ နည်းထဲမှာ ဘယ်လိုဖော်ပြထားသလဲဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူအရ ကလေးသူငယ်များ၊ မိဘမဲ့ ကလေးများနဲ့ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်နိုင်ရန် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုပြီး ပါရှိပါတယ်။ ဒါကြောင့် ဒီစကားရပ်ကို ကိုက်ညီအောင် ကလေးသူငယ်တွေကို အစိုးရက ထောက်ပံ့ပေးဖို့ ပုဒ်မတွေ လိုအပ် နေပါတယ်။ တကယ်လက်တွေ့မှာ ဒီဥပဒေကြမ်းမှာ ကလေးတွေကို ပျိုးထောင်ရာမှာ ကာကွယ်မှုကို ဦးစားပေးထားပြီး ပံ့ပိုးမှု၊ ငွေကြေးကျခံမှု အားနည်းနေတာ တွေ့ရှိရပါတယ်။ ကလေးဆိုတာ လူ့အဖွဲ့အစည်းမှာ အထူးအခွင့်အရေးပေးထားရသူများ ဖြစ်ပါတယ်။ ကလေးတွေဟာ အနာဂတ်ရဲ့ လူကြီးလူကောင်းတွေ ကျွန်တော်တို့ တိုင်းပြည်က အားကိုးလာရမယ့် လူတွေဖြစ်ပါတယ်။ တိုးတက်တဲ့ နိုင်ငံတွေမှာ ကလေးတွေကို အထူးဂရုပြု ပျိုးထောင်နေတာ တွေ့ရှိရပါတယ်။

ကျွန်တော် မှတ်မိသလောက် လမ်းစဉ်ပါတီခေတ်ဦးမှာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတွေ ပေါ်လာပါတယ်။ ကလေးတွေကို နို့ဆီဗူးတွေပေးပါတယ်။ နို့မှုန့်ပေးပါတယ်။ နောက် ဒီ အနီးပိတ်စတွေ ပေးခဲ့တာတွေရှိပါတယ်။ အခုလည်း ကျောင်းတွေမှာ နို့မှုန့်ပေးတယ်၊ နို့တိုက်တယ်၊

နို့တိုက်မယ့် စီမံကိန်းတွေချတယ်။ ငွေ(၁၀၀၀)စီပေးတယ်။ ဗလာစာအုပ်တွေပေးပါတယ်။ ဒါတွေဟာ ကျောင်းသားတွေကို ပြုစုပျိုးထောင်နေတာ ဖြစ်ပါတယ်။ တစ်ခါတစ်လေမှာ အလုပ်သမားတွေအတွက် အကာအကွယ်ပေးတဲ့ ဥပဒေ၊ အခွင့်အရေးနဲ့ ကူညီပံ့ပိုးတဲ့ ဥပဒေတွေ ရှိပါတယ်။ ရေးဆွဲနေတာတွေ ရှိပါတယ်။

ဒါကြောင့် ဒီရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေမှာလည်း ကူညီထောက်ပံ့မှု ပုဒ်မတွေပါသင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒီ ဥပဒေကြမ်းမှာ အရေးယူမယ့် အပိုဒ်တွေချည်းပါနေပါတယ်။ အစိုးရက တာဝန်ခံလုပ်ဆောင်မယ့် အပိုဒ်တွေ၊ ထောက်ပံ့ကြေးပေးမယ့် အပိုဒ်တွေ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီဥပဒေရဲ့ အကျိုးသက်ရောက်မှုဟာ မြို့ပြတွေမှာသာမက လူများစု ကျေးလက်ထိ ရောက်ရှိဖို့လိုအပ် နေပါသေးတယ်။ နေ့ကလေးထိန်းတဲ့ မူကြိုတွေမှာသာမက မိခင်တစ်ဦးချင်း၊ မိသားစု အသိုင်းအဝိုင်းတွင် ကိုယ့်ဟာကိုယ် လုပ်ဆောင်နိုင်အောင် တိုက်တွန်းပေးဖို့၊ ထိန်းထားပေးဖို့ လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအကူမပါပဲ ကျေးလက်လူထုအများစုဟာ ကိုယ်ဟာကိုယ် ကလေးသူငယ် ပြုစုပျိုးထောင်ဖို့ ခက်ခဲနေမှာဖြစ်ပါတယ်။ သက်ဆိုင်ရာက Center တွေ အနည်းဆုံး စံပြကျေးရွာ Center တွေနဲ့ နယ်လှည့် Center တွေနဲ့ ပညာဖြန့်ဝေပေးဖို့ လိုအပ်တယ်လို့ ယူဆ ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ထဲက တချို့ကျေးရွာတွေမှာ ကလေးတွေကို ပြုစုပျိုးထောင်ဖို့ လောက်ကို ထားပါဦး၊ ကလေးမွေးဖွားဖို့အတွက်လည်း ပြင်ပက အကူအညီလိုအပ်နေတာ ရှိပါတယ်။ ဒီ ကျေးရွာတွေမှာ ကလေးအရေအတွက် ကျဆင်းနေပါတယ်။ မွေးဖွားနှုန်းကလည်း ကျဆင်းနေ ပါတယ်။ မူလတန်းကျောင်းသားအရေအတွက်ကလည်း ကျဆင်းနေတာ ရှိပါတယ်။ ဒီ လိုဖြစ်နေတာ ဟာ ဆင်းရဲလို့ ကလေးမမွေးချင်တာ၊ ကလေးမလိုချင်တာ ဖြစ်ပါတယ်။ ပြုစုပျိုးထောင်ဖို့ အခက်အခဲ ရှိလို့ ဖြစ်ပါတယ်။ တချို့ရွာတွေမှာ မိခင်(၇၀)ရာနှုန်းဟာ သန္ဓေတားဆေးတွေ စားနေကြပါတယ်။ တချို့ ရွာတွေမှာဆိုရင် (၁၀၀)ရာခိုင်နှုန်းနီးပါး စားနေကြတာရှိပါတယ်။

ဒါကြောင့် ကလေးတွေ မွေးဖွားလာချင်အောင်နှင့် မွေးပြီးသားကလေးတွေကို စရိတ် သက်သာအောင် ထောက်ပံ့ပေးမယ့် ဥပဒေတွေ လိုအပ်နေတဲ့ အဆင့်ကို ရောက်ရှိနေပါပြီ။ ဒီလို ဥပဒေမျိုး တခြားဒေသမှာ မလိုဆိုရင်လည်း ကျွန်တော်တို့လို နယ်စပ်ဒေသမှာ လိုအပ်နေပြီ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့နိုင်ငံဟာ လူဦးရေပေါက်ဖွားနေတဲ့ နိုင်ငံကြီးတွေနဲ့ ယှဉ်တွဲနေထိုင်ရလို့ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်က မွေးဖွားနှုန်းဟာ (၁)ရာနှုန်းလောက် အောက်ကိုရောက်နေပြီလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့် နိုင်ငံတော်က ပံ့ပိုးပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ထောက်ပံ့ပေးနိုင်တဲ့ ဥပဒေကို ကလေးအသက် (၁၆)နှစ်အထိ အကျုံးဝင်တဲ့ ကလေးသူငယ်ဥပဒေ The Child Law မှာ တွေ့ရှိရပါတယ်။ အဲဒီ ဥပဒေ ပုဒ်မ ၅၇ မှာ ညွှန်ကြားရေးမှူးချုပ်သည် အသက်(၅)နှစ် မပြည့်သေးသော ကလေးသူငယ်များကို ပြုစုစောင့်ရှောက် ပေးနိုင်ရေးအတွက် လိုအပ်နေသော ကလေး ပြုစုစောင့်ရှောက်ရေးဌာနများကို နယ်မြေအလိုက် တည်ထောင်ထားရှိနိုင်သည်ဟု ပါရှိပါတယ်။ ဒါ့အပြင် အဲဒီ ဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ(က)နဲ့(ခ)မှာ အထောက်အပံ့ပေးခြင်းဆိုတဲ့ စကားရပ် ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာက ကလေးတွေကို ဆေးလိပ်အန္တရာယ်က ကာကွယ်ပေးဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။ ကလေးသူငယ်ဥပဒေ The Child Law ပုဒ်မ ၃၀ မှာ အရက်နဲ့ ဆေးလိပ် မူးယစ်ဆေးဝါးမှ ရှောင်ကြဉ်ခြင်းဆိုသည့် ကလေးတွေ ကိုယ့်ဟာကိုယ် လိုက်နာစောင့်ထိန်းရမယ့် ဥပဒေမျိုးကိုသာ တွေ့ရှိရပါတယ်။ သူတို့က ကာကွယ်တားဆီးတဲ့ ဥပဒေတွေကိုတော့ မတွေ့ရပါဘူး။ အခု ဥပဒေကြမ်းမှာလည်း ဒါမျိုးတွေကို မတွေ့ရှိ ရသေးပါဘူး။ ဟိုတစ်လောက ဆေးလိပ်နဲ့ ပတ်သက်တဲ့ ဥပဒေကို ဆွေးနွေးတုန်းက ဦးရဲမြင့်၊ ဦးစောမော်ထွန်း နဲ့ ဒေါက်တာစိုးထွန်းတို့က ကလေးသူငယ်တွေ ဆေးလိပ်ဒဏ်ခံနေကြရတယ်။ (၃)နှစ်ကလေးဘဝကပင် ဆေးလိပ်သောက်ကြရတယ်ဆိုတာ သိရှိရပါတယ်။ ဆေးပြင်းလိပ်အပြင် အရက်နဲ့လည်း ကလေးတွေထိတွေ့ဆက်ဆံနေကြရပါတယ်။ ကျွန်တော်ကတော့ (၄)နှစ်သားဘဝကပင် အရက်ပြင်းတိုက်တာတစ်ခါခံခဲ့ရဖူးပါတယ်။ ဒါကြောင့် ကလေးတွေကို ဆေးလိပ်နဲ့ အရက်က ကင်းဝေးအောင် ကာကွယ်ပေးမယ့် ဥပဒေပုဒ်မတွေလည်း လိုအပ်နေသေးပါတယ် ဆိုတာကို ဆွေးနွေးရင်း ကျွန်တော် နိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားတဲ့ ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂:၀၀။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား၊ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်ရဲ့ ICT အကောင်အထည်ဖော်ရန် မူဝါဒ ပေါ်လစီများ ချမှတ်သင့် ကြောင်း အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

ICT လို့ခေါ်တဲ့ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာကို များသောအားဖြင့် ပညာရပ်သက်သက် တစ်ခုအဖြစ်သာ လူများက အပေါ်ယံ ရှုမြင်ပြီးတော့ အလေးအနက် မထားဘဲ ရှိနေတတ်ကြပါတယ်။ အမှန်တော့ နိုင်ငံအဆင့် ဥပမာ အာဆီယံလိုဒေသအတွင်း နယ်ပယ်ကြီးများ အဆင့်မှ လူတစ်ဦးချင်း လူမှုရေးကိစ္စများအထိ အခြေအမြစ်က စပြီးတော့ ပြုပြင်ပြောင်းလဲမှုတွေကို ICT က ဝင်ရောက်ဆောင်ရွက်နေတာကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ တကယ်တော့ ဒီကနေ့ခေတ်မှာ Electronic ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လွန်းလာတာကြောင့် ဒီ နည်းပညာ ပိုင်ဆိုင်သူနဲ့ မပိုင်ဆိုင်သူတို့ အကြားမှာ စီးပွားရေးဩဇာလွှမ်းမိုးမှုချင်း များစွာကွာဟသွားတာကိုတောင် တွေ့နေကြရပြီ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာကို အမီလိုက်နိုင်မှသာ နိုင်ငံတွင်း သယံဇာတအရင်းအမြစ်တွေ ခနဦးစွာတွေကို အခြားသူများက အမြတ်အစွန်း စုပ်ယူသွားနိုင်ခြင်းမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

ဥပမာအားဖြင့် အိန္ဒိယနိုင်ငံမှာ Software များ ထုတ်လုပ်လာနိုင်မှု၊ ဂျပန်နိုင်ငံရဲ့ ICT ကို ငွေရေးကြေးရေးနဲ့ ဘဏ္ဍာရေးကိစ္စတွေမှာ ထိရောက်စွာ အသုံးချလာနိုင်မှု၊ တောင်ကိုရီးယားနိုင်ငံရဲ့ မိုဘိုင်းနည်းပညာ ဦးစားပေးမြှင့်တင်နိုင်မှုနဲ့ တရုတ်နိုင်ငံရဲ့ ICT ဆိုင်ရာ ထုတ်ကုန်တွေ ကမ္ဘာ့ထိပ်တန်း နေရာ ရောက်ရှိလာမှုတွေဟာ ဒီနိုင်ငံတွေ စီးပွားရေး ချုပ်ကိုင်ထားနိုင်မှုရဲ့ အကြောင်းအရင်း တွေပဲ ဖြစ်ပါတယ်။ အာရှ ကျားလေးကောင်ဖြစ်တဲ့ ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်ဝမ်နဲ့ တောင်ကိုရီးယား နိုင်ငံတို့က ICT ကို ထိရောက်စွာ အသုံးချနိုင်လို့ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ခဲ့ကြပြီး နိုင်ငံကြီးတွေ ကိုတောင် ပုခုံးချင်း ယှဉ်နိုင်ခဲ့ကြတာ တွေ့နေရပြီ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် အင်တာနက်ဟာ မရှိမဖြစ် အနေအထားကို ရောက်နေပြီး လုပ်ငန်းတိုင်းမှာ အင်တာနက်နဲ့ ချိတ်ဆက်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ မိုဘိုင်းဖုန်းသုံးစွဲမှုဟာလည်း အလွန် မြင့်မားပြီး အင်တာနက်နဲ့ ချိတ်ဆက်ဆောင်ရွက်မှု များပြားလာတာကြောင့် အင်တာနက် စီးပွားရေး ပုံစံတောင် ဂျပန်ပြည်မှာ ပြောင်းလဲလာတာ တွေ့နေရ ပါတယ်။ တရုတ်နိုင်ငံမှာတော့ အစိုးရကိုယ်တိုင်က ICT လုပ်ငန်းကို အလေးအနက်ထား မြှင့်တင်ခဲ့ တာကို တွေ့ရပါတယ်။ တစ်နိုင်ငံချင်း ထူးခြားတဲ့ ပုံစံလေးတွေကို ကျွန်တော် တင်ပြတာ ဖြစ်ပါတယ် ခင်ဗျား။ တစ်နိုင်ငံလုံး ပျံ့နှံ့နေတဲ့ တရုတ်နိုင်ငံရဲ့ အင်အားနဲ့ အခွင့်အရေးသာလွန်သမျှ အရင်းအမြစ် တွေကို စုဆောင်းဖို့ အစိုးရက နိုင်ငံတစ်ဝှမ်းလုံးမှာ Software ဥယျာဉ်(၁၉)ခု တည်ထောင်ခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ မိုဘိုင်းဖုန်းသုံးစွဲမှု အများဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံကတော့ အင်္ဂလိပ်စကား ကျွမ်းကျင်တဲ့ Software ပညာရှင် များစွာရှိတာ ကြောင့် Software လုပ်ငန်းကြီးထွားမှု အလျင်မြန်ဆုံး နိုင်ငံကြီးတစ်ခု ဖြစ်နေပြီလို့ ဆိုပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း(၁၀၀)ဆီကိုလည်း Software ပစ္စည်းတွေ တင်ပို့ရောင်းချနေပါတယ်။ အိန္ဒိယဟာ ကြီးမားတဲ့ လူ့စွမ်းအားအရင်းအမြစ်ကို ဖော်ထုတ် အသုံးချနိုင်တာကြောင့် ICT ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နိုင်ငံ့စီးပွားရေးကို ကြီးမားစွာ အထောက်အကူ ပြုခဲ့တာ ဖြစ်ပါတယ်။ အိန္ဒိယဟာ လယ်သမားတွေရဲ့ မြေယာမှတ်တမ်းတွေကို ကွန်ပျူတာနဲ့ မှတ်တမ်းတင်တဲ့ကိစ္စလည်း ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လယ်သမားတွေဟာ အင်တာနက်ကတစ်ဆင့် မျိုးစေ့တွေ၊ ဓာတ်မြေဩဇာတွေ အခြားလယ်ယာသုံး

ပစ္စည်းတွေကို စိတ်ကြိုက်မှာယူ ဝယ်ယူနိုင်ပြီး သူတို့ရဲ့ လယ်ယာထွက်ကုန်တွေကိုလည်း ကြားပွဲစား မရှိဘဲနဲ့ ဈေးမှန်နဲ့ တင်ပို့ရောင်းချနိုင်ခဲ့တာ တွေ့ရပါတယ်ခင်ဗျား။ တောင်ကိုရီးယားနိုင်ငံဟာ တီဗွီနဲ့ မိုဘိုင်းဖုန်းထုတ်လုပ်မှုမှာ အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့ထက် ပိုမိုပြီး ကျော်လွန်ခဲ့တယ်လို့ ဆိုပါတယ်။ တောင်ကိုးရီးယားနိုင်ငံရဲ့ Electronic နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုမှာ တိုင်းပြည်ရဲ့ စီးပွားရေးဟာ ကြီးမားစွာ ပြောင်းလဲတိုးတက်လာခဲ့တာကို တစ်ဆက်တည်း တွေ့ရှိရပါတယ်။

အလားတူပဲ စင်ကာပူနိုင်ငံဟာလည်း တိုင်းပြည်ရဲ့စီးပွားရေးကို အထောက်အကူပြုစေဖို့ ICT စီမံကိန်း အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ စင်ကာပူဟာ စီးပွားရေးဖွံ့ဖြိုး တိုးတက်သော နိုင်ငံအဖြစ်သို့ ICT ကနေ တွန်းပို့နိုင်ခဲ့တဲ့အထိ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အာဆီယံမှာရှိတဲ့ နိုင်ငံလေးတွေ တစ်နိုင်ငံချင်း သူတို့ရဲ့ ထူးခြားတဲ့ ဆောင်ရွက်မှုတွေ ကြောင့် တိုင်းပြည်စီးပွားရေး တိုးတက်လာတာကို ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ မလေးရှား နိုင်ငံဟာ အမျိုးသား ICT ကောင်စီကြီးကို ထူထောင်ပြီးတော့ မလေးရှားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ICT အသုံးပြုမှုကို မဟာဗျူဟာမြောက် နည်းလမ်းတွေနဲ့ ဆောင်ရွက်ခဲ့တာ တွေ့ရှိရပါတယ်။ ICT နည်းပညာ တိုးတက်လာမှုတွေကို နိုင်ငံရဲ့အဓိက စီးပွားရေးကဏ္ဍတစ်ခုအဖြစ် မျှော်မှန်းအကောင်အထည်ဖော် ရာမှာ မလေးရှားနိုင်ငံရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေတာကို သွားပြီးတွေ့ရပါတယ်။ ထိုင်းနိုင်ငံ မှာလည်း ၁၉၉၇ ခုနှစ်မှာ အင်တာနက် သုံးစွဲခတွေကို ထူးခြားစွာ လျှော့ချလိုက်တာကြောင့် လူတိုင်း ဟာ အင်တာနက်ကို အသုံးပြုလာနိုင်တဲ့ အခွင့်အလမ်း ပိုမိုလာတာကို တွေ့ရပါတယ်။ လူတိုင်း အင်တာနက်ကို ဈေးနှုန်းချိုသာစွာ အသုံးပြုနိုင်ပြီး ICT ကို အသုံးပြုပြီးတော့ စက်မှုထုတ်ကုန်တွေကို တိုးတက်ထုတ်လုပ်နိုင်ခဲ့လို့ ထိုင်းနိုင်ငံရဲ့စီးပွားရေး တိုးတက်လာတာ တွေ့ရပါတယ်။ ဗီယက်နမ်နိုင်ငံ ကတော့ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသလို မဟာဗျူဟာ တစ်ရပ် ချမှတ်ဆောင်ရွက်ပြီး ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ တရုတ်နိုင်ငံပြီးရင် ကမ္ဘာပေါ်မှာ ဒုတိယအကြီးမားဆုံးနိုင်ငံ ဖြစ်လာတဲ့ အထိ တွေ့ရှိခဲ့ရပါတယ်။ ဗီယက်နမ်နိုင်ငံဟာ ICT ဖွံ့ဖြိုးတိုးတက်ရေးမှာ ပုဂ္ဂလိက လုပ်ကိုင်ခွင့်တွေကို ထူးခြားစွာ ပေးခဲ့တာကြောင့်လည်း စီးပွားရေး ဖွံ့ဖြိုးတဲ့ နိုင်ငံအဖြစ်ကို ရောက်ရှိလာတာ ထူးခြားစွာ တွေ့နေရပါတယ်။

ICT ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာမှာ အဓိကကျတဲ့ အချက်ကတော့ အသုံးပြု နိုင်မှုအခွင့်အလမ်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကွာဟခြင်းကြောင့် ဖြစ်ပါတယ်။ တစ်ဖက်မှာ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဝင်ငွေအနေအထား နိုင်ငံရေးပေါ်လစီ ဆင်းရဲချမ်းသာကွာဟချက် တို့ဟာ ICT ကွာဟမှုကို ပြန်လည်ဖြစ်ထွန်းစေတာကိုလည်း တွေ့မြင်ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ သင်ခန်းစာယူဖို့ လိုပါမယ် ခင်ဗျား။ ၂၀၀၈ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ ဘဏ္ဍာရေးအကြပ်အတည်းကို ကြည့်မယ် ဆိုရင်တော့ ICT ကြောင့် တစ်ကမ္ဘာလုံး ရိုက်ခက်သွားပြီးတဲ့ ကမ္ဘာ့စီးပွားရေးကျဆင်းမှုဟာ လျင်မြန်စွာ ဦးမော့လာတာကို တွေ့ရှိရပါတယ်။ အမှန်တော့ ကမ္ဘာ့စီးပွားရေး အကြပ်အတည်း ဖြစ်စဥ် ဆိုတာဟာ အချိန်ယူ ဖြေရှင်းရပြီး စီးပွားရေး ပြန်လည် နလန်ထမှု နှေးကွေးလေ့ ရှိတယ်ဆိုတာကို ကျွန်တော်တို့ တွေ့မြင်ရပါတယ်။

နောက်တစ်ခုက ICT ကုန်သွယ်ရေး ဖြစ်ပါတယ်။ ICT ကုန်သွယ်ရေးဟာ အင်တာနက်ကနေ ရောင်းဝယ်ခြင်းကိစ္စ စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်တာကြောင့် အချိန်နှင့် အကွာအဝေး စတဲ့ သာမန် ကုန်သွယ်မှုတွေမှာ တွေ့ရှိရတဲ့ အတားအဆီးတွေကို ဖယ်ရှားပေးနိုင်တဲ့ ကုန်သွယ်မှုစနစ် တစ်ခု ဖြစ်လာတာကို တွေ့ရှိရပါတယ်။ နောက်တစ်ခါ ICT ဟာ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းတွေကို အထောက်အပံ့ ဖြစ်စေရုံသာမကပဲနဲ့ ငွေရေးကြေးရေးဝန်ဆောင်မှုကို စီးပွားရေးလုပ်ငန်းကြီးတစ်ခု အသွင်ပြောင်းလဲပေးနေပြီ ဆိုတာကိုလည်း တွေ့ရှိကြရပါတယ်။ ICT ဟာ စီးပွားရေး အဆောက်အအုံမှာ ဘဏ္ဍာငွေ လိုအပ်မှုတွေကို Electronic ဆက်သွယ်မှုနဲ့ တစ်နေရာက တစ်နေရာကို ဖြည့်ဆည်းပေးတာဖြစ်လို့၊ ဘဏ်ငွေတွေကို တစ်နေရာကနေ တစ်နေရာကို ဖြည့်ဆည်းပြီး အမြန်ဆုံး ပို့ဆောင်ပေးနေတာဖြစ်လို့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတည်ငြိမ်မှုနဲ့ စီးပွားရေး တိုးတက် ဖွံ့ဖြိုးမှုအတွက် အရေးကြီးတဲ့ လုပ်ငန်းတစ်ခု ဖြစ်လာပြီဆိုတာကိုလည်း ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။ နိုင်ငံတကာငွေရေးကြေးရေး ဈေးကွက်ဟာ Electronic ဆက်သွယ်မှုနဲ့ လျင်မြန်စွာ ဆက်သွယ်နိုင်ပါက နိုင်ငံရဲ့ ငွေရေးကြေးရေး စီမံခန့်ခွဲမှုလုပ်ငန်းတွေမှာ စွမ်းဆောင်ရည် အလွန်မြင့်မားစွာ တည်ရှိလာတာကြောင့် နိုင်ငံခြားဝင်ငွေ ရရှိနိုင်တဲ့ လုပ်ငန်းကြီး တစ်ခုအဖြစ်ကိုလည်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆက်သွယ်ရေး အခြေခံအဆောက်အဦတွေကို လေ့လာသုံးသပ်မယ်ဆိုရင်တော့ ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေနဲ့ နှိုင်းယှဉ်ရင် ကွာဟချက် ကြီးမားနေသေးတာကို တွေ့ရပါတယ်။ အခြေခံလူတန်းစားကအစ Mobile Phone တွေကို ကိုင်ဆောင်သုံးစွဲနိုင်တာကြောင့် အခြားနိုင်ငံတွေမှာလည်း အဲဒီလို ဖြစ်နေတာကြောင့် မြန်မာနိုင်ငံဟာလည်း အခြေခံလူတန်းစားက အစ Mobile Phone တွေကို ဈေးနှုန်းသက်သာစွာနဲ့ ကိုင်ဆွဲနိုင်ဖို့ ဆက်လက်ပြီးတော့ စီမံဆောင်ရွက်သွားဖို့လိုကြောင်းကို တွေ့ရှိရပါတယ်ခင်ဗျား။

အထူးသဖြင့်တော့ ရန်ကုန်နဲ့မန္တလေး နှစ်မြို့မှာသာ ဒီလိုပြောင်းလဲတိုးတက်နေတာ တွေ့ရပြီး ကျန်တဲ့ ပြည်နယ်နဲ့တိုင်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိခြင်း မရှိတာကို တွေ့ရှိရပါတယ်။ ဆက်သွယ်ရေးအခြေခံအဆောက်အဦတွေ ရှိပြီးတဲ့ ရန်ကုန်နဲ့ မန္တလေးလို နေရာမျိုးတွေမှာတောင်မှ ICT အသိပညာ ကျွမ်းကျင်သူ နည်းပါးခြင်း၊ ကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် ပြည်သူလူထုနဲ့ အမြန်ဆုံး ထိတွေ့နိုင်တဲ့ ICT ဟောပြောပွဲတွေ၊ ပြပွဲတွေကို ဥပဒေပြဋ္ဌာန်းပြီး ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ပေးရမှာ ဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံအတွင်း သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးမှု ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ မြန်မာစာ တတ်မြောက်သူတိုင်း Computer ကို အသုံးပြုနိုင်ဖို့အတွက်၊ သတင်းအချက်အလက်ရယူ အသုံးပြု နိုင်ရေးအတွက် ကမ္ဘာသုံး ဘာသာစကား အမျိုးမျိုးကို အသုံးပြုပြီး ရေးသားပြုစုထားတဲ့ အသိပညာ၊ အတတ်ပညာတို့ကို မြန်မာဘာသာနဲ့ ဘာသာပြန်ဆိုပြီး အကောင်အထည်ဖော်နိုင်ဖို့လည်း လိုအပ်ပါတယ်ခင်ဗျား။ ဒါမှ ကျွန်တော်တို့ လူ့စွမ်းအား အရင်းအမြစ်ကို လျင်မြန်စွာ တစ်ဟုန်ထိုး တိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ICT ကို ကျွန်တော်တို့ အကောင်အထည်ဖော်ရာမှာ အခြေခံအဆောက်အဦ တည်ဆောက်ခြင်းနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ဟာ အရေးကြီးတဲ့ကိစ္စတွေ ဖြစ်ပါ တယ်။ ဒါကြောင့်

ကျွန်တော်တို့ ဝန်ထမ်းတွေ Computer ပညာတွေကျွမ်းကျင်ဖို့ရာ ဝန်ကြီးဌာန အလိုက်၊ ခရိုင်/ မြို့နယ် ရုံးတွေအလိုက် Computerကျွမ်းကျင်မှုရှိဖို့ လေ့ကျင့်သင်ကြားပေးမှုတွေကို အရှိန်အဟုန် နဲ့ ဆောင်ရွက် သင့်ကြောင်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံမှာ Internet ချိတ်ဆက်ရာမှာ အဓိကကတော့ လျှင်မြန်စွာ ချိတ်ဆက်လို့ မရရှိခြင်း၊ ဖုန်းလိုင်းများ ဟောင်းနွမ်းနေခြင်းကြောင့် ချိတ်ဆက်၍ မရခြင်း၊ ချိတ်ဆက် အသုံးပြုနေစဉ် လိုင်းပြတ်သွားခြင်း၊ Internet လိုင်းအလျား နည်းခြင်းတို့ကြောင့် လုပ်ဆောင်မှုတွေ နှေးကွေးနေတာ၊ အားနည်းချက်တွေ ရှိနေတာကို ကျွန်တော်တို့ အလျင်အမြန် ပြုပြင်ဖို့လိုမယ်လို့ တင်ပြလိုပါတယ်ခင်ဗျား။

မြန်မာနိုင်ငံဟာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်ခုလည်း ဖြစ်တာကြောင့် အခြေခံ လယ်သမား၊ အလုပ်သမားကအစ Mobile Phone တွေသုံးစွဲနိုင်ပြီးတော့ ဆက်သွယ်ရေးလုပ်ငန်း တွေမှာ သုံးစွဲနိုင်ဖို့အတွက် ဆက်သွယ်ရေးလုပ်ငန်းတွေကို ပုဂ္ဂလိက ကုမ္ပဏီများကို အပြိုင်အဆိုင် လုပ်ကိုင်ဆောင်ရွက်ခွင့်၊ အခွင့်အလမ်းလည်း ပေးသင့်ပြီလို့ ယူဆပါတယ်ခင်ဗျား။ မြန်မာနိုင်ငံ အနေနဲ့ ICT နည်းပညာအတွက် ဖွံ့ဖြိုးဖို့အတွက် အဓိကလိုအပ်ချက်ကတော့ ကျွန်တော်တို့ လျှပ်စစ် ဓာတ်အား ဖြစ်နေတာကိုလည်း တွေ့နေရပါသေးတယ်။ ကျွန်တော်တို့ဟာ အထူးသဖြင့် e-ASEAN လို့ ခေါ်တဲ့ အဖွဲ့ကြီးကို အမီလိုက်ချိတ်ဆက်နိုင်ဖို့ လိုမယ်ဆိုတာလည်း တင်ပြလိုပါတယ် ခင်ဗျား။ e-ASEAN သဘောတူညီချက် စာချုပ်ကို ASEAN အဖွဲ့ဝင်(၁၀)နိုင်ငံက နိုင်ငံအကြီးအကဲများနဲ့ အစိုးရအဖွဲ့ အကြီးအကဲများက လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါတယ်။ e-ASEAN သဘောတူညီချက်စာချုပ်မှာ သတင်းပြန်ကြားရေးနဲ့ ဆက်သွယ်ရေး နည်းပညာပြောင်းလဲ တိုးတက်မှု ရရှိလာမယ့် အခွင့်အလမ်း များကို အသုံးချရန်၊ ASEAN ရဲ့ ပြန်ကြားရေး အခြေခံ အဆောက်အဦ တည်ဆောက်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်မှာ ASEAN ရဲ့ ပြိုင်ဆိုင်မှုစွမ်းရည် တိုးမြှင့်ရန် ဆိုပြီးတော့ ၁၉၉၉ ခုနှစ်တွင် ကျင်းပခဲ့တဲ့ တတိယအကြိမ်၊ အာဆီယံထိပ်သီး အစည်းအဝေးမှာ နိုင်ငံ့အကြီးအကဲများ သဘောတူဆုံးဖြတ်ခဲ့တဲ့ အတိုင်း သတင်းပြန်ကြားရေးနဲ့ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းတွေ၊ ဝန်ဆောင်မှုများနဲ့ ရင်းနှီးမြှုပ်နှံမှု တွေ လွတ်လပ်စွာ သယ်ယူရောင်းဝယ်နိုင်ဖို့ အတွက် e-ASEAN မူဘောင် သဘောတူညီမှုစာချုပ် အောက်မှာ လွတ်လပ်တဲ့ ကုန်သွယ်မှုဇရိယာ ထူထောင်ရန်ဆိုပြီးတော့ ဒီလိုရည်မှန်းချက်တွေ ချမှတ်ပြီး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ICT လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှုကို အခြားနိုင်ငံတွေနဲ့ ယှဉ်ပြီး တော့ အထောက်အကူပြုစေဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ ICT ဥပဒေ အခြေခံအဆောက် အဦ ဖွဲ့စည်းဖြစ်ပေါ်စေဖို့ ICT ဆက်သွယ်ရေးနည်းပညာဥပဒေ (ICT Law) ရေးဆွဲထားရှိကြတာ ကိုလည်း တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ကွန်ယက်ချိတ်မှုတွေအတွက် ICT အခြေခံဥပဒေနဲ့ အခြေခံ အဆောက်အဦဆိုင်ရာ ပြီးပြည့်စုံတဲ့ ဆက်သွယ်မှုနည်းဥပဒေတွေကို ရေးဆွဲပြီးတော့ နိုင်ငံတကာ ဥပဒေတွေ စံချိန်စံညွှန်းတွေနဲ့ လိုက်လျောညီထွေမှုရှိအောင်လည်း ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေမှာ ICT ဆိုင်ရာ ဥပဒေတွေ ပြဋ္ဌာန်းထားတာကို အများကြီး တွေ့နေရပြီ ဖြစ်ပါတယ်။ ဥပမာ - စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ထိုင်းနိုင်ငံတို့မှာအမည် နာမ အမျိုးမျိုးနဲ့ ICT ဥပဒေတွေကို ပြဋ္ဌာန်းတွေ့ရှိရပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း တရားဥပဒေဆိုင်ရာ၊ ဘဏ္ဍာရေး ဆိုင်ရာ လုပ်ငန်းမှန်ကန်စေရေးတို့အတွက် မူဝါဒများ ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံရဲ့ သတင်း

နောက်ခံ အဆောက်အဦ တိုးတက်မြင့်မားစေဖို့ ပြောင်းလဲလျက်ရှိတဲ့ ကျွန်တော်တို့ နည်းပညာရပ်တွေနဲ့ ICT တတ်မြောက်တဲ့ လူဦးရေ တိုးပွားစေဖို့ကို ကျွန်တော်တို့ အမြန်ဆုံး ဥပဒေ ပြဋ္ဌာန်းပေးဖို့ လိုနေပါပြီဆိုတာကို အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာမြင့်ကြည် တင်ပြ အဆို တင်သွင်းခဲ့တဲ့ ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်သင့်ကြောင်း တင်ပြချက်ဟာ ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိစေမယ့် တင်ပြချက် တစ်ရပ် ဖြစ်တဲ့အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ကျွန်တော် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ ICT အကောင်အထည်ဖော်ရန် မူဝါဒပေါ်လစီများ ချမှတ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ(၁၇၈)မဲ၊ ကန့်ကွက်(၁)မဲ၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းထားသည့် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၆။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းသွားတဲ့ အဆိုဖြစ်တဲ့ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် စသည်တို့ တိုးချဲ့ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် မှ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒေါက်တာခင်ရွှေ ဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့ နိုင်ငံဟာ အခုဆိုရင် ပြုပြင်ပြောင်းလဲမှုတွေကြောင့် နိုင်ငံတကာနဲ့ ကုန်သွယ်ရေးတွေ တိုးတက်လာတယ်။ ပြီးတော့ ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံတဲ့လူတွေ၊ လုပ်ငန်းရှင်တွေ ကျွန်တော်တို့ အများအပြား လာရောက်လျက်ရှိတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ နေပြည်တော်မှာရှိတဲ့ ဟိုတယ်တွေမှာဆိုလည်း အခုဆိုရင် အရင်ကနဲ့စာရင် စီးပွားရေးလုပ်ငန်းရှင်တွေ ပိုမိုများပြားစွာ လာရောက်ပြီးတော့ ဟိုတယ်တွေလည်း တချို့ ဟိုတစ်လောကဆို အခန်းတောင် မရပါဘူး။ ကျွန်တော်တို့ ကျောက်မျက်ပွဲတွေ၊ ဘာတွေနဲ့ ဆုံတဲ့အခါမှာ အဲဒီတော့ အဲဒီလိုဖြစ်နေတဲ့ အချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရှေ့တန်းမှာပေါ့လေ။ နိုင်ငံတကာ မျက်နှာစာမှာ ရှေ့တန်းမှာ ဆောင်ရွက်နေတဲ့ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးတွေ၊ ကောင်စစ်ဝန်ချုပ်ရုံးတွေ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် စသည့် နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားတဲ့ ရုံးတွေဟာဆိုလို့ ရှိရင် မြန်မာနိုင်ငံရဲ့ နိုင်ငံတကာရှေ့တန်းမှာ ကျွန်တော်တို့ နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ရအောင်၊ နိုင်ငံအတွက် ကုန်သွယ်ရေးတွေအဆင်ပြေအောင်၊ နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွေ၊ နည်းဥပဒေ

တွေကိုရှေ့တန်းမှာ ကျွန်တော်တို့ ရှင်းလင်းဆွေးနွေးရင်း တကက်တက်ကြွကြွ မြန်မာသံရုံးတွေ၊ ကောင်စစ်ဝန်ချုပ်ရုံးတွေ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်တွေဟာ ကျွန်တော်တို့ ဆောင်ရွက်နေကြပါတယ်။

ဒေါက်တာခင်ရွှေ ပြောသလိုပဲ ကျွန်တော်တို့က ဒီလောက်နဲ့ မရသေးပါဘူး။ ဒီထက်တိုးပြီးတော့ ကျွန်တော်တို့ လုပ်ဖို့လိုပါတယ်။ လောလောဆယ်မှာ ကျွန်တော်တို့ မြန်မာသံရုံး ကောင်စစ်ဝန်ချုပ်ရုံးတွေ၊ စစ်သံရုံးတွေ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်တွေဟာ ဘယ်နိုင်ငံတွေမှာ ရှိပြီးတော့ ကျွန်တော်တို့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ ကျွန်တော်တို့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်ထားတဲ့ မြန်မာသံရုံးများ (Myanmar Embassies) ရှိပါတယ်။ ဒါကတော့ သံရုံးကြီးတွေပေါ့နော်။ အမြဲတမ်းကိုယ်စားလှယ်ရုံးများ (Myanmar Missions) တွေ ရှိပါတယ်။ အမြဲတမ်းကိုယ်စားလှယ်ရုံးတွေကတော့ (၃)ခုလောက်ရှိပါတယ်။ ကောင်စစ်ဝန်ချုပ်ရုံး (Consulate General) တွေက (၄)ခုရှိပါတယ်။ စစ်သံရုံးတွေကတော့(၁၄)ခု၊ ယဉ်ကျေးမှုသံရုံးများ (Cultural Attche Office) က (၄)ခု၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တွေက (၁၀)ဦးလောက် (၁၀)နိုင်ငံလောက်မှာ ခန့်ထားပါတယ်။

ကျွန်တော်တို့ မြန်မာသံရုံးတွေဆိုလို့ရှိရင် အားလုံး ဟိုတစ်နေ့ကလည်း ဒုတိယဝန်ကြီး ဦးဇင်ယော် တင်ပြသွားသလိုပါပဲ။ အားလုံး (၃၃)ရုံးရှိပါတယ်။ ဘန်ဒါဆရီဘီဂါဝန် ဆိုတာကတော့ ကျွန်တော်တို့ ဘရူနိုင်းပါ။ ကျွန်တော်တို့သံရုံးတွေကို ခေါ်တဲ့အခါမှာ အများအားဖြင့် မြို့နာမည် နဲ့ပဲ ခေါ်ပါတယ်။ နောက်တစ်ခါ မြန်မာသံရုံး ဗန်ကောက်ပေါ့နော်။ ဘီဂျင်းပေါ့။ နောက် ဘဲဂရိတ်၊ ဘဲဂရိတ်ကတော့ အများသိတဲ့အတိုင်းပဲ အရင်တုန်းကတော့ ဆားဗီးယားပေါ့။ ယခုက ယူဂိုဆလားဗီးယားပေါ့နော်။ ဘဲဂရိတ်၊ နောက် ဘာလင်၊ ဂျာမဏီ၊ ဘရာဇီး၊ ဘရာဆဲလ်၊ ဘရာဆဲလ်ကတော့ ဘယ်လ်ဂျီယန်၊ ကိုင်ရို၊ ကျွန်တော်တို့ ကန်ဘာရာ၊ ကန်ဘာရာကတော့ ကျွန်တော်တို့ ဩစတြေးလျပါ။ ကိုလန်ဘို (သီရိလင်္ကာ)၊ ဒါကာ (ဘင်္ဂလားဒေ့ရှ်)၊ ဟန္နိုင်း၊ အစ္စလာမ်ဘတ်၊ ဂျကာတာ၊ ခတ္တမန်ဒူ (နီပေါ)ပါ။ ကွာလာလမ်ပူ၊ ကူဝိတ်၊ လန်ဒန်၊ မနီလာ၊ မော်စကို၊ နယူးဒေလီ၊ အော်တာဝါ၊ အော်တာဝါက ကနေဒါ၊ ပါရီ၊ ဖနွမ်ပင်၊ ပရီတိုးရီးယား၊ ပရီတိုးရီးယားက (South Africa)၊ ရစ်ဂျား၊ ရစ်ဂျားကတော့ ကျွန်တော်တို့ ဆော်ဒီအာရေဗီးယားပါ။ ရောမ၊ ဆိုးလ်၊ စင်ကာပူ၊ တဲလ်ဗစ်၊ တိုကျို၊ ဗီယန်ရှန်း၊ ဝါရှင်တန် အားလုံး (၃၃)ရုံးမှာ သံရုံးကြီးတွေ ရှိပါတယ်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးတွေကတော့ နယူးယောက်၊ နယူးယောက်ကတော့ ကျွန်တော်တို့ UN ဌာနချုပ်ဖြစ်တဲ့အတွက်ကြောင့် နယူးယောက်မှာ အမြဲတမ်းကိုယ်စားလှယ်တွေ ခုနက သံရုံးကြီးတွေမှာတော့ သံအမတ်ကြီးတွေ ဦးဆောင်သလို နယူးယောက်မှာလည်း သံအမတ်ကြီး၊ နောက် ဂျနီဗာ၊ ဂျနီဗာကတော့ ကျွန်တော်တို့ UN ဒီပြင်ရုံးတွေ ရှိပါတယ်။ ခုနက ILO တို့၊ WTO တို့၊ ဘာတို့ ဂျီနီဗာကတော့ ဆွစ်ဇာလန်မှာ ရှိတယ်။ သူကတော့ ဂျီနီဗာမှာလည်း သံအမတ်ကြီး ဦးဆောင်ပါတယ်။ အမြဲတမ်းကိုယ်စားလှယ်ရုံးရဲ့ အကြီးအကဲဟာ သံအမတ်ကြီးပဲ ဖြစ်ပါတယ်။ ဂျာကာတာ၊ ဂျာကာတာမှာကတော့ အာဆီယံနဲ့ ပတ်သက်တဲ့ဟာတွေ ကျွန်တော်တို့ ဆောင်ရွက်ပါတယ် ခင်ဗျား။ ကောင်စစ်ဝန်ချုပ်ရုံးတွေကတော့ ဟောင်ကောင်မှာ ရှိပါတယ်။ ကောင်စစ်ဝန်ချုပ်တွေကတော့ အဓိက ဒေါက်တာခင်ရွှေ တင်ပြသလို သူတို့က နိုင်ငံရေးကို ဒီလောက်မလုပ်ဘူး။ သူတို့က ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှု၊ နောက် လူမှုရေး၊ ယဉ်ကျေးမှု ဒါတွေကို လုပ်ပါတယ်။ နောက်တစ်ခါ ကာလကတ္တား၊ အိန္ဒိယမှာရှိတဲ့ ကာလကတ္တားမှာရှိတဲ့ ကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ်တွေကတော့

ကျွန်တော်တို့ သံအမတ်အဆင့်မရှိပါဘူး။ သံမှူးကြီးပေါ့။ သံမှူးကြီးအဆင့်လောက် ရှိပါတယ်။ နောက် ကူမင်း၊ ကူမင်းမှာ ရှိတဲ့ နန်နင်း၊ နန်နင်းမှာရှိပါတယ်။ ဒါတွေကတော့ ဗဟုသုတအဖြစ်ပါ။စစ်သံရုံးတွေ ကတော့ ကျွန်တော်တို့ စစ်ဖက်ကိစ္စတွေကိုပဲ အဓိက ဆောင်ရွက်ပါတယ်။ ယဉ်ကျေးမှုသံမှူးတွေ ရှိတယ်။ လန်ဒန်၊ မော်စကို၊ တိုကျို၊ ဝါရှင်တန်တို့မှာ ရှိပါတယ်။ ဒေါက်တာခင်ရွှေ တင်ပြတဲ့ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တွေက ဘယ်မှာရှိလဲဆိုတော့ ဩစတြေးလျ၊ ဘရာဇီးလ်၊ နယ်သာလန်၊ လက်ဘနွန်၊ တူရကီ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ဂရိ၊ ကိုရီးယား၊ ဂျပန်၊ အဲဒီတော့ ကျွန်တော်တို့ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဆိုတာကတော့ အများအားဖြင့် အဲဒီနိုင်ငံကနေပြီးတော့ မြန်မာနိုင်ငံကို စိတ်ဝင်စားလို့ သို့မဟုတ်လည်း ချစ်မြတ်နိုးလို့ မြန်မာနိုင်ငံနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ချင်တယ်။ ကုန်သွယ်ရေး အဲဒါတွေကို လုပ်ပေးချင်တဲ့၊ အဲဒီနိုင်ငံက နိုင်ငံသားတွေများပါတယ်။

အများအားဖြင့်တော့ သူတို့က ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဆိုတဲ့ ဂုဏ်ဒြပ်ကို ရတဲ့ အခါမှာ သူတို့က ဘာရသလဲဆိုတော့ အဲဒီနိုင်ငံမှာရှိတဲ့ အကြီးအကဲတွေက သူတို့ရဲ့ နိုင်ငံတော်ပွဲတွေ ဖိတ်တာပေါ့လေ။ မြန်မာနိုင်ငံက ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ကို ဖိတ်ကြားပါတယ်ဆို သူတို့က အဲဒီက ဘုရင့်ပွဲတွေ၊ သမ္မတပွဲတွေ၊ ဝန်ကြီးချုပ်ပွဲတွေကို တက်ရပါတယ်။ ဒီဥစ္စာတွေအကုန်လုံးကို ကျွန်တော် CD နဲ့ လုပ်ထားပါတယ်။ နောက်ကူးယူလို့ ရပါတယ်။ အဲဒီတော့ ဒီဂုဏ်ထူးဆောင် ကောင်စစ်ဝန်တွေက နောက် ဘာလုပ်ပေးလို့ရလဲဆိုတော့ သူတို့က ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှု ကိစ္စတွေ၊ နောက် ကုန်သွယ်ရေးကိစ္စတွေ၊ အဲဒါတွေကို ဆောင်ရွက်ပေးလို့ရတယ်။ တချို့ စိတ်ချရတဲ့ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်တွေဆို ကျွန်တော်တို့ ဗီဇာပေးတဲ့အထိကို လုပ်ခွင့်ပေးထားတာတွေ ရှိပါတယ်။

အဲဒီတော့ အခု(၁၀)နိုင်ငံလောက် ရှိတာပေါ့လေ။ အဲဒီတော့ ဒါတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် နိုင်ငံတကာရှေ့တန်းမှာ တက်တက်ကြွကြွနဲ့ ဆောင်ရွက်ပေးနေတဲ့ သံရုံးကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တို့ရဲ့ ရှိတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာနဲ့ ကြည့်ရင် ကျွန်တော်တို့ကနည်းပါးသေးတယ်။ ကျွန်တော်တို့နိုင်ငံက သံရုံး(၃၃)ရုံးဆိုတာက အိမ်နီးချင်း နိုင်ငံတွေနဲ့စာရင် အများကြီး နည်းပါသေးတယ်။ ထိုင်းတို့၊ ဘာတို့ဆိုရင် တစ်ကမ္ဘာလုံးမှာ သံရုံးပေါင်း (၁၀၀)လောက် ရှိပါတယ်။ အဲဒီလိုပဲ ဒီဘက်က တရုတ်၊ အိန္ဒိယကတော့ ဒါ အများဆုံးရှိတာပေါ့လေ။ နောက် ဒီဘက်က အင်ဒိုနီးရှားတို့၊ မလေးရှားတို့ဆိုလည်း (၁၀၀)ပတ်ဝန်းကျင်လောက် ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့က ရှိတဲ့သံရုံးတွေကနေပြီးတော့ Accredation ခေါ်တာပေါ့။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် အင်္ဂလိပ်စကားလုံး အသုံးအနှုန်း အနည်းငယ်ပါရှိရင် ခွင့်ပြုပေးဖို့ ဖြစ်ပါတယ်။ Accredation လုပ်ရတာပေါ့။ ဥပမာအားဖြင့် ကျွန်တော် ပြင်သစ်မှာ နေတုန်းကဆိုရင် ကျွန်တော်တို့က၊ အယ်လ်ဂျီးရီးယား၊ စပိန်၊ ဆွစ်ဇာလန်ကို ကျွန်တော်တို့ တွဲကိုင်ခဲ့ရပါတယ်။ အဲဒီလိုပဲ Accredation လုပ်ထားတာတွေ အများကြီး ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒေါက်တာခင်ရွှေ ပြောသလိုပဲ၊ ဒီကောင်စစ်ဝန်ချုပ်ရုံး ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တွေကို ဘာကြောင့် တိုးခန့်သင့်သလဲဆိုတော့ ကျွန်တော်တို့ သံရုံးတွေ အသစ်ဖွင့်လို့ရှိရင်တော့ အများသိတဲ့အတိုင်း အကုန်အကျလည်း များပါတယ်။ ဒါပေမဲ့လည်း တတ်နိုင်သလောက် နိုင်ငံခြားရေးရုံးကလည်း တိုးချဲ့ပြီးတော့ ဖွင့်နေပါတယ်။ ဒါပေမဲ့ ခုနကလို ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ခန့်လိုက်ရင် တစ်ပြားမှ

မကုန်ဘူး။ သူက သူ့ပိုက်ဆံနဲ့ သူလာတယ်။ သူ့ဟာသူ ရုံးဖွင့်တယ်။ သူက ဂုဏ်ပဲလိုချင်တာ၊ အဲဒီတော့ ကျွန်တော်တို့ အဲဒါကိုတော့ ဟိုတစ်နေ့ကလည်း ဒုတိယဝန်ကြီး ဦးဇင်ယော် ပြောသွားသလို၊ ပေးပါတယ်။ အခုဆိုရင် တော်တော်လေး လျှောက်ထားပြီးတော့ စိတ်ဝင်စားတယ်ဆိုရင် ပေးပါတယ်။

ဒါကြောင့်မို့လို့ အဲဒီဂုဏ်ထူးဆောင်ကောင်စစ်ဝန်ကတော့ အလွယ်ဆုံးနဲ့ အမြန်ဆုံး အကုန်အကျလည်း အသက်သာဆုံးဆိုတော့ ဒေါက်တာခင်ရွှေ ပြောတဲ့ဥစ္စာ ဆီလျော်ပါတယ်။ ဒီထက် နည်းနည်းလေး အကုန်အကျခံရင်တော့ ကောင်စစ်ဝန်ရုံးတွေပေါ့။ ဥပမာအားဖြင့် ကျွန်တော်တို့ ထိုင်းဆိုရင် ကောင်စစ်ဝန်ရုံးတွေ ဖွင့်သင့်တယ်။ ဥပမာအားဖြင့် ချင်းမိုင်တို့၊ ဘာတို့မှာ မြန်မာ နိုင်ငံသားတွေ အများကြီး အဲဒီမှာ ရှိပြီးတော့ မြန်မာနိုင်ငံသားတွေကိစ္စတွေလည်း အများကြီး ဆောင်ရွက်ပေးလို့ရတယ်။ ဥပမာအားဖြင့် မလေးရှားမှာဆိုပါတော့ ကျွန်တော်တို့ အခုဆိုလည်း အလုပ်သွားလုပ်တဲ့ လူတွေအများကြီး ရှိတယ်။ နောက် မလေးရှားကလည်းကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံမှုတွေ ရှိတယ်။ အဲဒီတော့ မလေးရှားလို နေရာမျိုးမှာ ခုနက K.L အပြင်၊ ဒီအပြင် တစ်နေရာမှာ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပေးရင် ကျွန်တော်တို့ ဟိုတစ်နေ့ကလို ပြဿနာ မြန်မာ နိုင်ငံသားတွေ ပြဿနာဖြစ်တယ်ဆိုရင် K.L မှာရှိတဲ့ သံရုံးကြီးက၊ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီကနေပြီးတော့ နေရာတကာ တစ်ပြည်လုံးကို ရောက်ဖို့ အမြန်သွားဖို့ရာ မလွယ်ဘူး။ ဒုတိယဝန်ကြီး ဦးဇင်ယော် ကိုယ်တိုင် ဦးဆောင်ပြီးတော့ ဒီကလည်း Delegation လိုက်ပြီးတော့ သွားပါတယ်။ အထူးကြိုးစား ပြီးတော့ လုပ်ပါတယ်။ သို့သော်လည်း နိုင်ငံနဲ့အမျှမှာ ဟိုနားမှာနည်းနည်း၊ ဒီနားမှာနည်းနည်း၊ ရိုက်ပွဲတွေ ဖြစ်နေတဲ့အချိန်မှာ ဒီသံရုံးတစ်ခုတည်းက မနိုင်ဘူးခင်ဗျား။ အဲဒီလိုဆိုတော့ ကောင်စစ်ဝန် ချုပ်ရုံးသာ တစ်နေရာမှာ ရှိခဲ့ရင်၊ နောက် ဒုတိယမြို့တော် လိုမှာရှိခဲ့ရင် အဲဒီကောင်စစ်ဝန်ချုပ်ရုံး ကနေပြီးတော့ မြန်မာနိုင်ငံသားတွေရဲ့ အန္တရာယ်ကို ဝိုင်းဝန်းကာကွယ်ပေးလို့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ဒေါက်တာခင်ရွှေ ပြောသလို တချို့နေရာတွေမှာ မလေးရှားလိုနေရာ၊ နောက် ဂျပန်၊ ဂျပန်မှာတော့ တစ်နေရာရှိတယ်။ သို့သော်လည်း နောက် တစ်နေရာ လိုအပ်ရင် ဖွင့်ရမယ်။ နောက် ဥပမာအားဖြင့် ကျွန်တော်တို့ ပြင်သစ်လိုနေရာတွေမှာ ပြင်သစ်မှာလည်း ဒုတိယမြို့တော်ဖြစ်တဲ့ လီယွန်တို့၊ ဘာတို့မှာ သွားဖွင့်လို့ရတယ်။ ကောင်စစ်ဝန် ချုပ်ရုံးတွေက ဘာလုပ်ပေးလို့ရလဲဆိုလို့ရှိရင် သူတို့က ခုနက မြန်မာနိုင်ငံသားတွေကို ကာကွယ် စောင့်ရှောက်ပေးတာ၊ ဗီဇာပေးတဲ့ ကျွန်တော်တို့ဆီကို လာချင်တဲ့ ပုဂ္ဂိုလ်တွေကို Viza ပေးတဲ့အပြင် သူတို့က ဘာတွေ လုပ်ပေးရလဲဆိုရင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက် တကူးတက မြန်မာနိုင်ငံသို့ လာရောက်ရန်မလိုဘဲ စီးပွားရေး သတင်းအချက်အလက်များကို အလွယ် တကူ ကျွန်တော်တို့ ပေးနိုင်ပါတယ်။ ခုန ကောင်စစ်ဝန် ရုံးတွေ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်တွေက နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို တိုးချဲ့ပြီးတော့ ရှာဖွေပေးနိုင်ပါတယ်။

နောက်တစ်ခါ မိမိနိုင်ငံက တင်ပို့တဲ့ အပြည်ပြည်ဆိုင်ရာဈေးကွက်ကို ရရှိရန်အတွက် ဆောင်ရွက်ပေးနိုင်ပါတယ်။ အထူးသဖြင့် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အခုဆိုရင် အိန္ဒိယပေါ့။ အိန္ဒိယနဲ့ဆိုရင် ပဲဟာ ခဏခဏ ပြဿနာပေါ်တယ်။ ဒီကနေ ပဲ ပို့လိုက်တယ်၊ ဟိုက လိမ်တယ်။ ကောက်တယ်။ တစ်ခါတစ်လေ အကြွေးတွေမပေးဘူး။ အဲဒီလိုဆိုရင် အဲဒီမှာရှိတဲ့ ကောင်စစ်ဝန်ချုပ် ရုံးတွေ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တွေက ဝိုင်းဝန်းပြီးတော့ ဖြေရှင်းပေးလို့ ရတယ်။ အဲဒီလို မရှိခဲ့

လို့ရှိရင် ကျွန်တော်တို့ ကုန်သည်တွေက အများကြီး ဆုံးရှုံးမှုဖြစ်ပါတယ်။ မိမိနိုင်ငံအတွက် လိုအပ်သော သွင်းကုန်များကို ဈေးနှုန်းချိုသာ မှန်ကန်စွာရရှိနိုင်ရင် ကျွန်တော်တို့ရဲ့ သွင်းကုန်တွေကို သက်သက်သာသာ ရရှိနိုင်ဖို့ကူညီပေးနိုင်ပါတယ်။

နောက်တစ်ခါ နိုင်ငံခြားမှ အကူအညီအထောက်အပံ့များ အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိနိုင်ပါတယ်။ ဒါလည်း ခုနက ကောင်စစ်ဝန်ချုပ်ရုံးတွေ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တွေက ပံ့ပိုးပြီးတော့ ဆောင်ရွက်ပေးလို့ရပါတယ်။ ကျွန်တော်တို့ ပြင်သစ်မှာ ရှိတုန်းက အဲဒီကလာပြီးတော့ ဆက်သွယ်တယ်။ ရှိတဲ့အကြွေးတွေကို သူတို့ ညှိပေးမယ်။ အဲဒီက ဂုဏ်ထူးဆောင် ကောင်စစ်ဝန် လုပ်ချင်တဲ့ပုဂ္ဂိုလ်က အဲဒါကို သံအမတ်ကြီးက သူ့ကို ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ခန့်ပေးပါ၊ စသည်ဖြင့် ဆိုတော့ သူတို့ရဲ့ အဆက်အသွယ်တွေနဲ့ ဒီအကြွေးတွေကို လျှော်ပေးလို့ရတယ်။ အကူအညီ အထောက်အပံ့တွေ ရနိုင်တယ်။ မြန်မာနိုင်ငံမှာလာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့လူတွေ၊ ကုန်သွယ်မှုလုပ်ချင်တဲ့သူတွေအတွက် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေးဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လုပ်ငန်းစဉ်များကို အားလုံး ဆွေးနွေးပေးနိုင်ပါတယ်။

ဒါတွေဟာဆိုလို့ရှိရင် ခုနက ဒေါက်တာခင်ရွှေ ပြောတဲ့ ကောင်စစ်ဝန်ချုပ်ရုံး ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တွေ တိုးချဲ့ခန့်ထားပေးခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိနိုင်ပါတယ် ဆိုတာ ဒါ ထင်ရှားပါတယ်။ ကျွန်တော်ကိုယ်တိုင် ဟောင်ကောင်မှာ ကောင်စစ်ဝန်ချုပ် ကျွန်တော် လုပ်ခဲ့ပါတယ်။ အဲဒီမှာလုပ်တဲ့အခါမှာ ကျွန်တော် ရောက်တဲ့အချိန် ၁၉၉၀ ဆိုတော့ တိုင်းပြည်က ပြန်ဖွင့်တဲ့အချိန်လည်း ဖြစ်တယ်။ အဲဒီတော့ တစ်ခါတည်း ကောင်စစ်ဝန်ချုပ်ရုံးကို ခုနက ရင်းနှီးမြှုပ်နှံချင်တဲ့ သူတွေက နိစ္စဓူဝ ကျွန်တော်တို့ဆီ တစ်ခါတည်း တစ်ဖွဲ့ဖွဲ့ ရောက်လာတယ်။ ကျွန်တော် ကလည်း ရုံးကို ညအထိ ဘာပြုလို့လဲဆိုတော့ သူတို့က မက္ကာအိုတို့၊ ဘာတို့က လာရတဲ့အခါမှာ သင်္ဘော စီးလာရတယ်။ ကျွန်တော်တို့နဲ့ မတွေ့ရလို့ ပြန်ရလို့ရှိရင် သူတို့က ဘာဖြစ်သလဲဆိုတော့ မပြန်နိုင်တဲ့အတွက်ကြောင့် တစ်ခါတစ်လေ ဟောင်ကောင်မှာ ညအိပ်ရတယ်။ ဟောင်ကောင် ညအိပ်ရင် ဟိုတယ်စရိတ်က ကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ရုံးကို ညအထိ ဖွင့်ပေး ပြီးတော့ သူတို့ကို သူတို့ သိချင်တဲ့ဟာတွေ ရှင်းပေးတယ်။ အဲဒါကြောင့်မို့လို့ ၁၉၉၁-၁၉၉၂ ခုနှစ် လောက်မှာ အဲဒီက ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး အဲဒီတုန်းက ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ Tax တွေလည်း စံချိန်တင်ရခဲ့ပါတယ်။ ကျွန်တော်မှတ်မိသလောက်ဆို တစ်လတစ်လကို ဟောင်ကောင် ဒေါ်လာ(၁)သန်းကျော်အထိ ကျွန်တော်တို့ ရရှိခဲ့တဲ့အပိုင်းတွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ခြုံငုံပြောရရင် ဒေါက်တာခင်ရွှေ တင်ပြသွားတဲ့ ဒီမြန်မာ နိုင်ငံအနေဖြင့် နိုင်ငံခြားမှာရှိတဲ့ ကောင်စစ်ဝန်ချုပ်ရုံး ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များကို တိုးချဲ့ ဖွင့်လှစ်သင့်ကြောင်း ထောက်ခံဆွေးနွေးရင်း ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁း၀၀)နာရီ ရပ်နားပါမယ်။

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၂း၃၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃း၃၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့်ပန်ကြားသူများ ရှိပါတယ်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကျန်းမာရေး၊ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ အစည်းအဝေးတက်ရန် ယခုတင်ပြခဲ့တဲ့ ခွင့်များနဲ့ ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၉။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ၏ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး

တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ယခုအချိန်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ ကုန်ပစ္စည်းများကို ဈေးကွက်ရဲ့လိုအပ်ချက်၊ ဈေးကွက်ရဲ့တောင်းဆိုချက်၊ ဈေးကွက်နဲ့ ကိုက်ညီတဲ့ ကုန်ပစ္စည်းများကိုသာ ထုတ်လုပ်တင်ပို့ ရောင်းချနေကြရတာ ဖြစ်ပါတယ်။ နိုင်ငံအသီးသီးဟာ မိမိထုတ်ကုန်ပစ္စည်းများက နိုင်ငံတကာမှာ ဈေးကွက်အသာစီးရဖို့ တခြားနိုင်ငံများမှ လုပ်ငန်းရှင်များနဲ့ အခါမလပ် တောက်လျှောက်ယှဉ်ပြိုင် ဆောင်ရွက်နေကြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုန်ပစ္စည်းများက နိုင်ငံတကာမှာရှိတဲ့ ဈေးကွက်တွေမှာ ဈေးကွက်ဝေစုရရှိနိုင်ဖို့ ဈေးကွက်ရှာဖွေခြင်းလုပ်ငန်း၊ Marketing ကို ဈေးကွက်သတင်း ထောက်လှမ်းခြင်း၊ ဈေးကွက်သုတေသနလုပ်ငန်း၊ ဈေးကွက်လေ့လာခြင်းလုပ်ငန်းရပ်များနဲ့ ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။ ဈေးကွက်သတင်း ထောက်လှမ်းခြင်းကနေ ယခုလိုအချက်များကို ရရှိနိုင်မှာဖြစ်ပါတယ်။ မည်သည့်နယ်မြေဒေသ အပိုင်းအခြား ဈေးကွက်များက မိမိရောင်းချလိုတဲ့ ကုန်ပစ္စည်းများကို ဝယ်ယူကြတယ်။ ဈေးကွက်ရဲ့ ဝယ်လိုအား၊ ဈေးကွက်တွင်ကုန်ပစ္စည်းထွက်ရှိမှု၊ ပြည်ပမှ တင်သွင်းမှု၊ ပြန်လည်၍ တင်ပို့မှု စားသုံးမှုအခြေအနေများကို သိရှိနိုင်ပါတယ်။ ဈေးကွက်ရှိ စားသုံးသူများရဲ့ အနေအထားနဲ့ အဆင့်အတန်း ကြိုက်နှစ်သက်မှုအခြေအနေ ယှဉ်ပြိုင်ဘက်များရဲ့ ထုတ်လုပ်မှုနဲ့ လုပ်ဆောင်ချက်များကိုလည်း သိရှိနိုင်ပါတယ်။

ဒါ့အပြင် ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်တဲ့အခါ တွေ့ရှိရမယ့် အတားအဆီးအခြေအနေနဲ့ မည်သည့်ဈေးကွက်ဟာ မိမိကုန်ပစ္စည်းကို ရောင်းချရန် အခွင့်အလမ်း အကောင်းဆုံးဖြစ်တယ်ဆိုတာ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ယခုလို ဈေးကွက်သတင်းကနေပြီးတော့ မိမိတို့အနေနဲ့ မည်သည့်ဈေးကွက်များကို ထိုးဖောက်ဝင်ရောက်ရမယ်။ မိမိကုန်ပစ္စည်းအရည်အသွေးကို မည်သို့ သတ်မှတ်ရမယ်။ မည်သည့်ဈေးဖြင့်ရောင်းမယ်။ မည်သည့်ဖြန့်ဖြူးရေးလမ်းကြောင်းပုံသဏ္ဍာန်နဲ့ မည်သည့် ဝယ်ယူဖောက်သည်များမှတစ်ဆင့် ဖြန့်ဖြူးရောင်းချမယ်။ ခေတ်မီဈေးကွက်ဖော်ဆောင်ရေးနဲ့ အရောင်းမြှင့်တင်ရေးမည်သို့ ဆောင်ရွက်နိုင်မယ်ဆိုတာတွေကို ဆုံးဖြတ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိနေအထားမှာ ကျွန်တော်တို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များဟာ ယခုလို ဈေးကွက်ရှာဖွေထိုးဖောက်မှု လုပ်ငန်းစဉ်တွေကို အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိသေးတာကို လေ့လာတွေ့ရှိ ရပါတယ်။ ကျွန်တော်တို့ရဲ့ ထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားကိုတင်ပို့နိုင်ဖို့ အတွက် အခွင့်အလမ်းများရရှိအောင် ကျွန်တော်တို့နိုင်ငံ သံအမတ်ကြီးတွေ၊ ကောင်စစ်ဝန်တွေ၊ စစ်သံမှူးတွေ နိုင်ငံမှ မထွက်ခွာခင်မှာ ကျွန်တော်တို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မိမိတို့ တင်ပို့ရောင်းချနိုင်တဲ့ ထုတ်ကုန်စာရင်းတွေကို ပေးလိုက်ပြီး၊ ၎င်းတို့ တာဝန်ကျတဲ့ နိုင်ငံများမှ ဝယ်ယူသူများနဲ့ ချိတ်ဆက်ပြီး ဈေးကွက်ရှာဖွေပေးနိုင်ဖို့ မှာကြားမှုများ ပြုလုပ်ကာ ပို့ကုန်တိုးမြှင့်အောင် ဆောင်ရွက်နေကြပါတယ်။ ယခုအချိန်မှာ ကျွန်တော်တို့နိုင်ငံနဲ့ ကုန်သွယ်မှုပြုလုပ်နေတဲ့ နိုင်ငံပေါင်း(၁၅၀)ကျော်ရှိကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးသံမှူးများ ခန့်အပ်ထား

နိုင်တဲ့ နိုင်ငံ(၉)နိုင်ငံပဲ ရှိပါသေးတယ်။ အဲဒီနိုင်ငံတွေကတော့ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန် ပြည်ထောင်စု၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ စင်ကာပူနဲ့ ဘယ်လ်ဂျီယန် တို့ ဖြစ်ပါတယ်။ နိုင်ငံ တကာမှာ စီးပွားရေးသံမှုးတွေ ရှိခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်လို့ ၄င်းနိုင်ငံမှာ ရှိတဲ့ အာဏာပိုင်များ၊ စီးပွားရေးအဖွဲ့အစည်းများ လုပ်ငန်းရှင်များနဲ့ တရားဝင် အလွယ်တကူ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ အဲဒီနိုင်ငံမှာ ကျင့်သုံးနေတဲ့ စီးပွားရေးမူဝါဒ ပို့ကုန်/ သွင်းကုန် မူဝါဒတွေကို အချိန်နဲ့တပြေးညီ သိရှိနိုင်သလို၊ မိမိနိုင်ငံမှာ ကျင့်သုံးနေတဲ့ စီးပွားရေးမူဝါဒ များကို ဝယ်သူများသိရှိအောင် ဆောင်ရွက်ပေးနိုင်ပါတယ်။

ကုန်ရောင်းကုန်ဝယ်မှုနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ အငြင်းပွားမှုများကိုလည်း လွယ်လွယ် ကူကူနဲ့ ဖြေရှင်းပေးနိုင်မယ်။ ဈေးကွက်သတင်းနဲ့ ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဖြစ်တဲ့ အရောင်း ပြခန်းများ၊ ဈေးပွဲတော်များ၊ ဝယ်သူနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးမှုများ၊ နှစ်နိုင်ငံ စီးပွားရေးမစ်ရှင် အဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းများကို ကူညီဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းမြှင့်တင်မှု များကို ဆောင်ရွက်ပေးနိုင်မယ့်အပြင် မိမိနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု တိုးပွားအောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ယခုအချိန်မှာ နည်းပညာတွေတိုးတက်လာနဲ့အမျှ ဈေးကွက်ယှဉ်ပြိုင်မှုတွေဟာလည်း နည်းဗျူဟာမျိုးစုံနဲ့ ပိုမိုမြင့်မားလာနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ မိမိတို့ရဲ့ ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်ဖို့ ဈေးကွက်အနေအထားရဲ့ ပကတိအခြေအနေကို သိရှိနေဖို့ လိုအပ်ပါတယ်။ ဈေးကွက်အကြိုက် ဥပမာ-Quality၊ ဈေးနှုန်း၊ နာမည်၊ တံဆိပ်၊ ပုံပန်းသဏ္ဌာန်၊ အရောင်အသွေးနဲ့ ကိုက်ညီအောင်ထုတ်လုပ် တင်ပို့နိုင်ဖို့ လိုအပ်ပါတယ်။ ဈေးကွက် အကြိုက် တစ်နည်းအားဖြင့် စားသုံးသူများရဲ့ အလေ့အထ အကြိုက်စရိုက်နှင့် စားသုံးမှု စနစ် များဆိုတာကလည်း အခြေအနေအချိန်အခါအလိုက် ပြောင်းလဲတတ်တဲ့အတွက် ဒါတွေကို သိရှိ နိုင်ဖို့ ဈေးကွက်သတင်း ထောက်လှမ်းခြင်း၊ အကဲဖြတ်ခြင်းတို့ကို အမြဲတမ်းပြုလုပ်နေရမှာ ဖြစ်ပါ တယ်။

ဒါတွေကို တာဝန်ယူပြီး ကူညီဆောင်ရွက်ပေးနိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ရဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုမှာ တင်ပြဆွေးနွေးထားသလိုပဲ နိုင်ငံတကာမှာ ကောင်စစ်ဝန်ချုပ်ရုံးတွေ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် စသည်တို့ကို တိုးမြှင့်ခန့်အပ်တာဝန်ပေးထားဖို့ လိုအပ်နေပါကြောင်း အလေးအနက်ထောက်ခံ တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၇။**

**ဦးဇင်ယော် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော် ဖြစ်ပါတယ်။ ရန်ကုန်တိုင်း မဲဆန္ဒနယ် အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဒေါက်တာခင်ရွှေ ၏ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်း ရောင်းဝယ်ရေး တိုးမြှင့်ရန် အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ ရှင်းလင်းဖြေကြားရာမှာ အပိုင်း(၂)ပိုင်းခွဲပြီး တင်ပြပါမယ်။ ပထမပိုင်းကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိ ဆောင်ရွက်တဲ့ လုပ်ငန်းများ ဖြစ်ပြီးတော့မှ ဒုတိယတစ်ပိုင်းအနေနဲ့ကတော့ ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားမယ့် အပိုင်းဖြစ်ပါတယ်။ ယခုလက်ရှိ ဆောင်ရွက်နေတဲ့အပိုင်းကို ဦးစွာတင်ပြ ရမယ်ဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ မြို့တော်တွေမှာ မြန်မာသံရုံး(၃၃)ရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး (၃)ရုံးတို့ကို ဖွင့်လှစ်ထားပြီးတော့ တရုတ် ပြည်သူ့သမ္မတနိုင်ငံမှာတော့ ကောင်စစ်ဝန်ချုပ်ရုံး(၄)ရုံး ဖွင့်လှစ်ထားရှိပါတယ်။ ကောင်စစ်ဝန်ချုပ်ရုံး (၄)ရုံး ကတော့ ဟောင်ကောင်မြို့မှာ တစ်ရုံးရှိပြီးတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံလက်အောက်သို့ ဟောင်ကောင်ကျွန်းကို ပြန်လည်မလွှဲပြောင်းခင်ကတည်းက ဖွင့်လှစ်ထားတဲ့ ရုံးဖြစ်ပါတယ်။ ဒုတိယ တစ်ရုံးကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှာ ရှိပါတယ်။ ယူနန်ပြည်နယ်ရဲ့ မြို့တော် ဖြစ်ပြီးတော့ မြန်မာနိုင်ငံနဲ့ အများဆုံး ကုန်သွယ်တဲ့ ပြည်နယ်ဖြစ်ပြီး နှစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု ကုန်သွယ်မှုများကို အဓိကကျစွာဆောင်ရွက်နေတဲ့ရုံး ဖြစ်ပါတယ်။ တတိယရုံးကတော့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့မှာ ရှိပါတယ်။ ဒီနေရာမှာ နန်နင်းမြို့မှာ အာဆီယံနိုင်ငံများရဲ့ အခြားကောင်စစ်ဝန် ချုပ်ရုံးများလည်းရှိပါတယ်။ ဒီမြို့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အာဆီယံနိုင်ငံများ ကုန်စည်ပြပွဲ များကျင်းပခြင်း၊ ညီလာခံများကျင်းပခြင်းနဲ့ အပြန်အလှန်ကူးလူးဆက်သွယ်ဖို့ အဓိက ဖွင့်လှစ်ထားတဲ့ ရုံးဖြစ်ပါတယ်။ စတုတ္ထရုံးတစ်ရုံးကတော့ အိန္ဒိယသမ္မတနိုင်ငံ၊ ကိုးလ်ကတ္တားမြို့မှာ ရှိပါတယ်။ မူလ ကတည်းက ရှိခဲ့တဲ့ရုံး ဖြစ်ပြီးတော့မှ အိန္ဒိယနဲ့ မြန်မာနိုင်ငံအကြား စီးပွားရေးဆောင်ရွက်မှုများ ကုန်သွယ်မှုများကို အဓိကတာဝန်ယူ ဆောင်ရွက်ပေးနေတဲ့ ရုံးတစ်ရုံး ဖြစ်ပါတယ်။

ဆက်လက်ပြီးယခုနှစ်အတွင်း လွန်ခဲ့တဲ့ မေ၊ ဇွန်လများအတွင်းမှ စတင်ခန့်အပ်တဲ့ ကိစ္စ တင်ပြပါ့မယ်။ တင်ပြခဲ့တဲ့ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနဲ့ မြန်မာကောင်စစ် ဝန်ချုပ်ရုံးများ အနက်မှ သံရုံး(၉)ရုံးမှာ ကျွန်တော်တို့ စီးပွားရေးသံမှူးများကို ခန့်အပ်ခဲ့ပါတယ်။ စီးပွားရေးသံမှူး သီးခြားခန့်အပ်ခြင်းဖြင့် မြန်မာနိုင်ငံနဲ့ သက်ဆိုင်ရာနိုင်ငံများအကြား ကုန်သွယ်မှု၊ စီးပွားရေးလုပ်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ဖို့အတွက် အင်အားတိုးမြှင့် ခန့်ထားခြင်းဖြစ်ပါတယ်။ အဲဒီရုံးတွေကတော့ ဗန်ကောက်မြို့မှာရှိတဲ့ မြန်မာသံရုံး၊ ပေကျင်းမြို့မှာ ရှိတဲ့ မြန်မာသံရုံး၊ ဘရပ်ဆဲလ်၊ ဘယ်လ်ဂျီယံ နိုင်ငံမှာရှိတဲ့ မြန်မာသံရုံး၊ နယူးဒေလီ၊ အိန္ဒိယနိုင်ငံမှာ ရှိတဲ့ မြန်မာသံရုံး၊ ဆိုးလ်မြို့ ကိုးရီးယားမှာရှိတဲ့ မြန်မာသံရုံး၊ စင်ကာပူမှာ ရှိတဲ့ မြန်မာသံရုံး၊ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ရှိတဲ့ မြန်မာသံရုံး၊အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှာ ရှိတဲ့ မြန်မာသံရုံး ဖြစ်ပြီးတော့မှ ဟောင်ကောင်မြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ထပ်မံအင်အားတိုးပြီးတော့မှ (၉)ရုံးမှာ တာဝန်ထမ်းဆောင်စေဖို့ စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံသားများကို ခန့်အပ်တာဝန်ပေးပြီးတော့မှ ဂုဏ်ထူးဆောင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး(၆)ရုံးနှင့် ဂုဏ်ထူးဆောင် မြန်မာကောင်စစ်ဝန်ရုံး(၅)ရုံး စုစုပေါင်း (၁၁)ရုံးကို အောက်ဖော်ပြပါ နိုင်ငံများမှာရှိတဲ့ မြို့များမှာ ဖွင့်လှစ်ထားရှိပါတယ်။ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်အဖြစ် Mr. Panayotis I Tzaneas ကိုခန့်အပ်ပြီး ဂရိနိုင်ငံ၊ အေသင်မြို့မှာ ဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Herman J.Stevens ကိုခန့်အပ်ပြီး နယ်သာလန်နိုင်ငံ၊ ဘရီဒါမြို့မှာ ဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Elie J Debahy ကိုခန့်အပ်ပြီးတော့ လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့မှာ ဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Eon Bae Dahn ကိုခန့်အပ်ပြီး ကိုရီးယားနိုင်ငံ၊ ပူဆန်မြို့မှာ ရုံးဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Philip Schonthal ကိုခန့်အပ်ပြီး ဩစတေးလျနိုင်ငံ၊ ဗီယင်နာမြို့မှာ ဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Ercan Aygun ကိုခန့်အပ်ပြီး တူရကီနိုင်ငံ၊ အင်ကာရာမြို့မှာ ဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr.Haj Mohammed Hakim Ali ကိုခန့်အပ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းမြို့မှာ ဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Dam Trung Bac ကိုခန့်အပ်ပြီး ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့မှာ ရုံးဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr.Takashi Nagate ကိုခန့်အပ်ပြီး ဂျပန်နိုင်ငံ၊ ကိုဘေးမြို့မှာ ဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်Mr. Ricardo Cateb Cury ကိုခန့်အပ်ပြီး ဘရာဇီးနိုင်ငံ၊ ဆောင်ပိုလိုမြို့မှာ ဖွင့်လှစ်ထားပါတယ်။ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Malik Mahammad Jahangir ကို ခန့်အပ်ပြီး ပါကစ္စတန်နိုင်ငံ၊ ကရာချိမြို့မှာ ရုံးဖွင့်လှစ်ထားပါတယ်။

ဒီ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များဟာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနဲ့ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်များဟာ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ တိုက်ရိုက်ဆက်သွယ်ပြီးတော့မှ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေး စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ရေးအပြင် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းအတွက် ပရိုမိုရှင်းပြုလုပ်ခြင်း၊ မြန်မာနိုင်ငံက ထုတ်ပြန်တဲ့ FDI Law များ ဆက်သွယ်အသိပေးပြောကြားခြင်း စတဲ့ စီးပွားရေးအပြင် လိုအပ်တဲ့ကိစ္စအဝဝကို ဆက်သွယ်ဆောင်ရွက်ပြီးတော့မှ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဒုတိယတစ်ပိုင်းအနေနဲ့ကတော့ နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်း ဆက်လက်လုပ်ဆောင်သွားမယ့် အခြေအနေများဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ နိုင်ငံတကာဆက်ဆံရေး အခြေအနေများအရ ပြည်ပမှာ မိမိနိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတကာနှင့် စီးပွားရေး ကူးသန်းရောင်းဝယ်ရေး အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရေးကိစ္စရပ်များ ဆောင်ရွက်ရန်ဖြစ်တဲ့အတွက် ပထမကာလတို(၅)နှစ်စီမံကိန်းဖြစ်တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ မြန်မာသံရုံးနဲ့ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ထပ်မံပြီးတော့ တိုးချဲ့ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်မယ့်နေရာများကတော့ အကြမ်းဖျင်းတင်ပြရလို့ရှိရင်တော့ ထိုင်းနိုင်ငံနဲ့ ဩစတေးလျနိုင်ငံများမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံ သဘောတူညီချက်များရရှိပြီးမှ အပြန်အလှန် အတည်ပြုနိုင်မှာဖြစ်တဲ့အတွက် အကျဉ်းချုပ်မျှပဲ တင်ပြရခြင်း

ဖြစ်ပါတယ်။ ဆက်လက်ပြီး ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် ခန့်အပ်ခြင်းနဲ့ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ခန့်အပ်ခြင်းများ တင်ပြလိုပါတယ်။

ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်နဲ့ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ကို သက်ဆိုင်ရာ နိုင်ငံများမှာရှိတဲ့ မြန်မာသံရုံးများကို သက်ဆိုင်ရာ နိုင်ငံသားများက ဂုဏ်ထူးဆောင်ကောင်စစ်ဝန်၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လိုပါကြောင်း တင်ပြလာတဲ့အခါမှာ မြန်မာသံရုံးများကတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနကို တင်ပြပါတယ်။ အဲဒီလို တင်ပြလာတဲ့အခါမှာ သူတို့ရဲ့ အရည်အချင်းများ၊ လုပ်ဆောင်နိုင်မှုများ၊ မြန်မာနိုင်ငံအပေါ် ချစ်ကြည်လေးစားမှုနဲ့ အပြန်အလှန် အလေးထားမှုများ၊ အမှုအခင်းကင်းရှင်းမှုများ၊ သက်ဆိုင်ရာ နိုင်ငံခြားရေး နိုင်ငံများရဲ့ နိုင်ငံခြားရေး ဝန်ကြီးရုံးများကနေ ထောက်ခံမှုများမှ စိစစ်ပြီးတော့မှ နိုင်ငံခြားရေးဝန်ကြီးဌာန အနေနဲ့ နိုင်ငံတော်သမ္မတရုံးကို တင်ပြီးတော့ ခွင့်ပြုချက်ရရှိပါတယ်။ ရယူပြီးတဲ့အခါမှာတော့ နိုင်ငံခြားရေးမူဝါဒ ကော်မတီမှတစ်ဆင့် အတည်ပြုပြီးတော့ ကက်ဘိနက်မှာ အဆုံးဖြတ်ရယူပြီးတော့မှ ခန့်အပ်လျက်ရှိပါတယ်။ ယခု ကျွန်တော် တင်ပြခဲ့တဲ့ (၁၁)ဦးအပြင် နောက်ထပ်ခန့်အပ်ရန်အတွက် ကမ်းလှမ်းနေတဲ့သူတွေ ရှိပါတယ်။ အီတလီနိုင်ငံမှ(၁)ဦး၊ ဂျပန်နိုင်ငံမှ(၁)ဦးတို့ ဖြစ်ပါတယ်။ အဲဒါ တွေကို ကျွန်တော်တို့ ဆက်လက်ပြီးတော့မှ စိစစ်နေပါတယ်။ ကျန်တဲ့ အခြားနိုင်ငံများမှ ယခုလို ကမ်းလှမ်းလာမှုများရှိခဲ့တယ် ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ နိုင်ငံအနေနဲ့ စိစစ်ပြီးတော့မှ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များကို တိုးချဲ့ခန့်အပ်ပြီးတော့မှ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားကို ဆက်လက် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းတဲ့ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်း ရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၇၀)မဲ၊ ကန့်ကွက်(၃)မဲ၊ ကြားနေ(၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဒေါက်တာခင်ရွှေ ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ မြစ်-ချောင်း-ရေလှောင်တမံများမှ ရေကိုသန့်ရှင်းအောင် ဆောင်ရွက်ပေးရန် (River Water Treatment) ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က မြစ်-ချောင်း-ရေလှောင်တမံများမှ ရေကို သန့်ရှင်းအောင် ဆောင်ရွက်ပေးရန် (River Water Treatment) နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၈။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မြစ်-ချောင်း-ရေလှောင်တမံများမှ ရေကို သန့်ရှင်းအောင် ဆောင်ရွက် ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပထမဒီမှာ နိဒါန်းအနေနဲ့ ဆွေးနွေးလိုတာကတော့ မြစ်ထဲက Water Management မြစ်ချောင်းတွေကို သန့်ရှင်းအောင်၊ အဲဒီချောင်းကြီးတစ်ခုလုံးကို သန့်ရှင်းအောင် ကျွန်တော်တို့ ဆောင်ရွက်ဖို့ မဟုတ်ပါဘူး။ အဲဒီက ဒီ မြစ်ထဲကရေကို ကျွန်တော်တို့က စုပ်ယူပါမယ်။ စုပ်ယူပြီးတော့မှ သူ့ကို လိုအပ်သလို သန့်ရှင်းအောင်ဆောင်ရွက်ဖို့ ကျွန်တော် တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာ Water Management နဲ့ အခု ကျွန်တော်တင်ပြတဲ့ River Water Treatment ဆိုတာကို အဲဒီ(၂)ခု မရောယှက်ဖို့လည်းပဲ လိုပါတယ်ခင်ဗျား။ အခု ဒီကျွန်တော်တို့ နိုင်ငံတကာမှာလည်းပဲ ကျွန်တော် စာတမ်းလေးတစ်ခုလည်းရှိပါတယ်။ River Water Treatment for Ultrapure Production ဆိုပြီးတော့ Ultrapure ဆိုတာကတော့ အင်မတန်မှ သန့်ရှင်းတဲ့ရေကို ထုတ်ယူဖို့အတွက် ကျွန်တော်တို့ အဲဒီ မြစ်က၊ ချောင်းကရေတွေကို အသုံးချတယ်ဆိုတဲ့ သဘောမျိုး လေးပါ။ ဒီဟာကို ကျွန်တော် တင်သွင်းဖို့ အဆိုဖြစ်ဖို့ အဆိုတင်သွင်းဖို့ ဖြစ်ရတဲ့ အကြောင်းအရင်း ကတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းမှာလည်းပဲ နယ်မြေတော်တော်များများဟာ နွေရာသီအခါကျလို့ ရှိရင် ရေတွေ ရှားပါတယ်။ ဒါကတော့ ဒီအပြင် တိုင်းဒေသကြီးတွေမှာလည်းပဲ ရေရှားပါတယ်။ အဲဒီတော့ ရေတွေရှားတဲ့အခါမှာ ကျွန်တော်တို့ ရေတွေကို သွားပြီးတော့ လှူကြတယ်။ တန်းကြတယ်။ တချို့ ကျွန်တော်တို့ ဟိုဘက် ရန်ကုန်တိုင်းဆိုရင် ခနောင်တိုတို့၊ ဒလမြို့နယ်တို့ အဲဒီဘက်မှာ ဆိုလို့ရှိရင်

လည်းပဲ သက်ဆိုင်ရာက သဘော်တွေနဲ့ ရေတွေသယ်တယ်၊ သယ်ပြီးတော့ သွားပြီးတော့၊ အဲဒီ ပြည်သူလူထုအတွက် လှူဒါန်းပေးတယ်၊ ဆောင်ရွက်ပေးတယ်ဆိုတာကို နှစ်စဉ်နဲ့အမျှ တွေ့နေရပါတယ်။

အဲဒီတော့ အဲဒီမှာရှိနေတဲ့ ပြည်သူလူထုကလည်း ဒီကိစ္စကို သူတို့အနေနဲ့ ဖြေရှင်းဆောင်ရွက်ပေးလိုတဲ့ ဆန္ဒတွေ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရေဟာ ရေသယံဇာတဟာ ပေါများကြွယ်ဝတယ် ဆိုတာလည်းပဲ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ ရေနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်ကြီးများက တင်ပြထားတာလည်းပဲ ရှိပါတယ်။ ကျွန်တော်တို့ မြစ်တွေ၊ ချောင်းတွေ ဒါတွေကလည်းပဲ ကျွန်တော်တို့ ရှိပါတယ်။ တမံတွေကလည်းပဲ ရှိပါတယ်။

အဲဒီတော့ ဒီမှာရှိနေတဲ့ ရေတွေကို သက်ဆိုင်ရာ ရေလှောင်တဲ့ ကန်သော်လည်းကောင်း၊ ဒီသိုလှောင်နိုင်တဲ့ နေရာတစ်ခုသော်လည်းကောင်း ဆောင်ရွက်ပြီး အဲဒီကရေကို ကျွန်တော်တို့ နည်းအမျိုးမျိုးနဲ့ ပြန်လည်ပြီး သုံးလို့ရအောင် ဒီ တည့်မတ်ဆောင်ရွက်ပေးရင် သင့်တော်တယ်ဆိုတဲ့ ဟာကို ကျွန်တော့်အနေနဲ့ အဆိုပြုတင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်းပဲ အခု ရေပေးဝေရေးစနစ်က ရေလှောင်ကန်တွေ ရှိပါတယ်။ ရေလှောင်ကန်ကနေပြီးတော့ ဒီလိုပါပဲ Water Treatment ရေတွေကို ကျွန်တော်တို့က သန့်ရှင်းအောင်လုပ်တယ်။ လုပ်ပြီးတော့ ကျွန်တော်တို့က ပြန်ပြီးဖြန့်ဖြူးတဲ့ စနစ်ပါ။

သို့သော် ဒီဟာကတော့ ကျွန်တော်တို့ မြစ်ချောင်းက ရေတွေကို စုဆောင်းပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီရေတွေရဲ့ အရည်အသွေး သူ့မှာပါတဲ့ Contamination ဒါတွေလည်း ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ဒါတွေ ဘာတွေရှိသလဲ၊ သူတို့ရဲ့ ဒီဟာတွေကို ဘယ်လိုသန့်ရှင်းအောင် ဘယ်လိုနည်းတွေနဲ့ ဆောင်ရွက်မလဲ၊ ဒီဟာလေးပဲ လေ့လာဖို့ လိုပါတယ်။ ဒီနေ့အချိန်ထိ လေ့လာထားတာ ကျွန်တော့်အနေနဲ့ကတော့ ရှာဖွေတာ ကျွန်တော် မတွေ့ရသေးပါဘူး။ အဲဒီတော့ တကယ်လို့ ဒီဟာသာ ဖြစ်နိုင်မယ်ဆိုရင် ဆောင်ရွက်ဖို့သင့်ပါတယ်။ ထိုင်းနိုင်ငံမှာဆိုလို့ရှိရင်လည်း အဲဒီမှာရှိတဲ့ ကျောက်ဖရားမြစ် ဒီကရေတွေကို ခုနတုန်းကလို ပြန်စုဆောင်း မော်တာနဲ့ စုပ်တင် ကျွန်တော့်အနေနဲ့ အလွယ်တင်ပြတာပါ။

ဒီ System ဟာ ချက်ချင်း သိပ်ပြီးတော့ လွယ်တဲ့ကိစ္စတော့လည်း မဟုတ်ပါဘူး။ အဲဒါကို စုပ်တင်မယ်၊ စုပ်တင်ပြီးတော့ သူတို့ပြန်ပြီးတော့ ရေတွေ ဖြန့်ဖြူးတယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ ဒီတိုင်းပါပဲ ကျွန်တော်တို့ လာအို နိုင်ငံကလည်းပဲ မဲခေါင်မြစ်က ရေကို ကျွန်တော်တို့ စုပ်ယူတယ်။ စုပ်ယူပြီးတော့ ရေကို သန့်ရှင်းအောင်လုပ်တယ်။ လုပ်ပြီးတော့ ဖြန့်ဖြူးနေတယ်ဆိုတာ တွေ့ရပါတယ်။ ဂျပန်နိုင်ငံမှာလည်းပဲ တချို့နေရာတွေမှာ ဒီလိုပါပဲ ပင်လယ်ကရေ၊ မြစ်ကရေကို စုပ်ယူတယ်၊ စုပ်ပြီးတော့ သန့်ရှင်းအောင် ဆောင်ရွက်ပြီးတော့ လုပ်နေတယ်ဆိုတာရှိပါတယ်၊ ကမ္ဘာတစ်ဝှမ်းမှာ။ အဲဒီတော့ ဒီဟာတွေလုပ်တဲ့အတွက်ကြောင့် တဖြည်းဖြည်း နည်းပညာကလည်း တိုးတက်လာပါတယ်။ အဲဒီ တန်ဖိုးနည်းတဲ့ အကျိုးရှိတဲ့ ဒီ သူတို့တွေ့ရှိချက်တွေလည်းပဲ ထွက်ပေါ်နေပါတယ်။

အဲဒီတော့ ရှေးရိုးကတော့ လွယ်လွယ်ကူကူနဲ့ ကျွန်တော် တင်ပြရမယ်ဆိုလို့ရှိရင် Filter လုပ်လိုက်တာ။ Filter လုပ်လိုက်တာပဲ။ ဒီအရည်ကို အထဲမှာပါတဲ့ Contamination တွေကို သူတို့ စစ်လိုက်တယ်။ စစ်ပြီးတော့ Treatment အမျိုးမျိုးနဲ့ ဒါဆောင်ရွက်သွားခြင်းဖြစ်ပါတယ်။ တချို့ စက်ရုံ၊ အလုပ်ရုံတွေမှာလည်းပဲ ဒီလိုပဲ ရေကို ကျွန်တော် သန့်စင်ပြီးတော့ ပြန်ပြီးတော့ ပေးနေတဲ့

ဟာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က အခု ဒီမှာ တင်ပြတဲ့ဟာသည် မြစ်ချောင်းတွေ၊ ခုနတုန်းက တာတမံတွေ ဒါတွေကို သန့်ရှင်းအောင် Water Management အနေနဲ့ သွားပြီး အကုန်လုံးကို Environmental ပတ်ဝန်းကျင်နဲ့ အဲဒါကျတော့ ဆိုင်ပါတယ်။ ဒါတွေကလည်း လုပ်နေတဲ့ ကိစ္စရပ်တွေဖြစ်ပါတယ်။ ကျွန်တော်က အဲဒီ ကဏ္ဍမဟုတ်ပါဘူး။ ဒီမှာရှိတဲ့ဟာကို တစ်နိုင်တစ်ပိုင် ကျွန်တော်တို့က လုပ်ပြီးတော့ ဖြန့်ဖြူးမယ်ဆိုရင် ဒါ အင်မတန်မှ သင့်တော်တယ်ဆိုတဲ့ အနေနဲ့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

ဒီအခါမှာလည်း သက်ဆိုင်ရာပုဂ္ဂလိက ကသော်လည်းကောင်း၊ ကျွန်တော်တို့ အဖွဲ့အစည်းကို သော်လည်းကောင်း၊ လုပ်နိုင်တဲ့ ကိုင်နိုင်တဲ့ဟာ ရှိမယ်ဆိုရင် တာဝန်ပေးပြီးတော့ ဆောင်ရွက်ရင် ပိုပြီးတော့ အကျိုးရှိမယ်၊ အသုံးတည့်မယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ Under ground Water ကျွန်တော်တို့ သုံးတဲ့အခါမှာ အခု ရန်ကုန်မှာဆိုလို့ရှိရင်လည်းပဲ တော်တော် Artificial Well တွေ၊ အဝီစိတွင်းတွေ များပါတယ်ခင်ဗျား။ ဒီ အဝီစိတွင်းတွေ များတယ်။ နောက် အောက်ပိုင်းက ဒါ ပညာရှင်များလည်းပဲ သိပါတယ်။ သူ့ သက်ဆိုင်ရာ ပညာရှင်များ၊ အောက်ပိုင်းက ရေထုက နည်းလာမယ် ဆိုလို့ရှိရင် အကျိုးဆက်တွေကလည်း အမျိုးမျိုးဖြစ်လာနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလို မြစ်ချောင်းကနေပြီးတော့ ကျွန်တော်တို့ တမံကရေတွေကို ကျွန်တော်တို့ လူအသုံးတည့်ဖို့အတွက် ဆောင်ရွက်သင့်ကြောင်းကို ကျွန်တော့်အနေနဲ့ တိုတိုတုတ်တုတ်ပဲ တင်ပြ အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းသွားသော အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်တော် ဦးစောမော်ထွန်း က ထောက်ခံတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြစ်-ချောင်း-ရေလှောင်တမံများမှ ရေကို သန့်ရှင်းအောင် ဆောင်ရွက်ပေးရန် (River Water Treatment) ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုကြီး (၅)စုအား စုစည်း၍ ရပ်ကွက်များအဖြစ် ပြန်လည်ဖွဲ့စည်းကာ ပုလဲမြို့အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီး(၅)စုအား စုစည်း၍ ရပ်ကွက်များအဖြစ် ပြန်လည်ဖွဲ့စည်းကာ “ပုလဲမြို့”အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလို ကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးနု အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုကြီး(၅)စုကို စုစည်းပြီး ရပ်ကွက်များအဖြစ် ပြန်လည် ဖွဲ့စည်းကာ “ပုလဲမြို့”အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးနိုင်ပါရန်အတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေဖြင့် ဒေသခံ မဲဆန္ဒရှင် ပြည်သူတို့၏ ဆန္ဒသဘောထားနှင့် အညီ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဤသို့ တင်ပြခြင်းမပြုခင်မှာပဲ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ကို

လည်းပဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ အချိန်မီ ဆက်လက်ထောက်ခံ တင်ပြပေးပါရန် မေလ ၂၈ ရက်နေ့ နေ့စွဲပါ တင်ပြလွှာအမှတ်၊ ၃၃ နဲ့ ကျွန်တော်ကိုယ်တိုင် တင်ပြခဲ့ပြီးသည့်ကိစ္စလည်း ဖြစ်ပါတယ်။

သို့ရာတွင် အဆင့်ဆင့် စိစစ်ထားတဲ့ ထောက်ခံတင်ပြသည့် လုပ်ငန်းများပြီးစီးခြင်း မရှိသေးကြောင်း သိရတဲ့အတွက် ကျွန်တော်၏အဆိုအား ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီး(၅)စုအား စုစည်း၍ ရပ်ကွက်များအဖြစ် ပြန်လည်ဖွဲ့စည်းကာ “ပုလဲမြို့”အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဦးနု က ပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြလာပါသဖြင့် ရုပ်သိမ်းခွင့်ပြုရန် သင့်၊ မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

ဦးနု ရဲ့ အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ဦးနု ရဲ့ အဆိုကို ပြန်လည် ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ နိုင်ငံတစ်ဝန်း တွင် စီမံကိန်း လုပ်ငန်းအမျိုးမျိုးပြု၍ မြေနေရာရယူထားသော ပုဂ္ဂလိက ကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည်မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်းအမျိုးမျိုးပြု၍ မြေနေရာ ရယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးလှဆွေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော် မူကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတဲ့ အဆိုကတော့ နိုင်ငံတစ်ဝန်းမှာ စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြုပြီးတော့ မြေနေရာ ရယူထားတဲ့ ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီး တို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားတဲ့ အမှန်တကယ် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်း ကြောင်းဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်ဟာ မလိုအပ်ဘဲနဲ့ မြေဈေးတွေ အကြီးမြင့်ဆုံး တိုင်းပြည်ဖြစ်နေကြောင်း သိရပါတယ်။ အဲဒီလို ကြီးမြင့်နေခြင်းဟာ ပြည်ပရင်းနှီးမြှုပ်နှံ လိုသူများအတွက် ကြီးမားတဲ့ အဟန့်အတားတစ်ခု ဖြစ်လျက်ရှိကြောင်း လေ့လာတွေ့ ရှိရပါတယ်။ ဒီကိစ္စဟာ နိုင်ငံတိုးတက်မှု အရှိန်အဟုန်ကို နှေးကွေးစေမှာ ဖြစ်ပါတယ်။ ယခင် တပ်မတော်အစိုးရ လက်ထက်မှာ စီမံကိန်းလုပ်ငန်းအမျိုးမျိုးအတွက် ပြည်တွင်းကုမ္ပဏီ အများအပြားကို မြေနေရာများ ချထားပေးပြီးတော့ အဲဒီနေရာတွေမှာ စီမံကိန်း ရည်မှန်းချက် အောင်မြင်စေရန် စီမံကိန်းများအလိုက် စက်၊ ယာဉ်၊ ယန္တရား အဲဒါတွေကိုလည်း အခွန်ကင်းလွတ်ခွင့် ပေးပြီးတော့ တင်သွင်းခဲ့ကြောင်း ကြားသိ ရပါတယ်။

ဒီလိုမျိုးအခွင့်အရေးတွေကို ခံစားနေကြရသော်လည်းပဲ လက်တွေ့မှာတော့ မူလ ရည်မှန်း ချက် အကောင်အထည်မဖော်နိုင်ဘဲနဲ့ မြေနေရာ ဦးထားသလို ရယူထားကြောင်း တွေ့ရမှာ ဖြစ်ပါ တယ်။ စီမံကိန်းအမျိုးမျိုးနဲ့ ကျွန်တော် ဆီအုန်းစိုက်ခင်းတစ်ခုကို Inferred လုပ်ပြီးတော့ တင်ပြ လိုပါတယ်။ ပြီးခဲ့တဲ့လွှတ်တော် ပြီးဆုံးချိန်မှာ ကျွန်တော် တနင်္သာရီတိုင်းကို လေ့လာရေး ခရီးသွား ရောက်တဲ့အခါမှာ ဆီအုန်းခြံတွေကို ရောက်ရှိခဲ့ပါတယ်။ မြိတ်ကမ်းနားလမ်းကို ရောက်တဲ့ အခါမှာ ခန့်ညားထယ်ဝါတဲ့ ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့ပါတယ်။ ဒီဆိုင်းဘုတ်ကြီး ကတော့ တနင်္သာရီ တိုင်း သည် ဆီအိုးကြီးဖြစ်ရမည်ဆိုတဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ တိုင်းအတွင်း လှည့်လည်ကြည့်ရှုတဲ့ အခါ မှာလည်း စားအုန်းဆီပင် အများအပြား စိုက်ပျိုးထားတာ တွေ့ရတယ်။ ဒီ စားအုန်းဆီပင်တွေရဲ့ ရှေ့မှာ တော့ ဆိုင်းဘုတ်တွေ တွေ့ရပါတယ်။ ကုမ္ပဏီ ငယ်/လတ်/ကြီးတွေရဲ့ ဆိုင်းဘုတ်တွေ ဖြစ်ပါတယ်။

ဒါပေမဲ့ အထဲထဲကို ကျွန်တော် သယံဇာတကော်မတီအတွင်းရေးမှူး ဖြစ်တဲ့အတွက်ကြောင့် မြေသယံဇာတ ဘယ်လိုအသုံးချထားသလဲဆိုတာ သိချင်တဲ့အတွက်ကြောင့် အထဲထဲကို ဝင်ကြည့် လိုက်တဲ့အခါမှာတော့ တနင်္သာရီတိုင်းမှာ ဆီအိုးကြီး ပျောက်ဆုံးနေပြီဖြစ်ကြောင်း တွေ့ခဲ့ရပါတယ်။ တရားဝင် ထုတ်ပြန်ထားတဲ့ စာရင်းဇယားများအရ တနင်္သာရီတိုင်းမှာ ဆီအုန်းစိုက်ပျိုးခြင်းကို ၁၉၉၉ ခုနှစ်က စတင်ခဲ့ပြီးတော့ လျာထားဧက(၅)သိန်း လျာထားသတ်မှတ်ထားသော်လည်း ၂၀၁၃ ခုနှစ်ထိ ကုမ္ပဏီပေါင်း(၄၁)ခုကနေ (၉၉၃၈၆၆)ဧက ရယူထားကြောင်းတွေ့ရပါတယ်။ လျာထားချက် ထက်

(၂)ဆခန့် မြေပိုယူပြီးတော့ သွင်းကုန်အစားထိုး မြန်မာ့စားအုန်းဆီ ဖူလုံရေး ထုတ်လုပ်တော့မယ်ဆိုတဲ့ သဘော ဖြစ်ပါတယ်။

သို့သော်လည်းပဲ တိုင်းချုပ်စာရင်းအရ မြေရယူထားသည့်မှာ (၁၄)နှစ်ကြာပြီဖြစ်သော်လည်း ဧက(၁၀)သိန်းအနက် (၃)သိန်းသာ စိုက်ပျိုးထားပြီး ထိုစိုက်ပျိုးထားတယ်ဆိုတဲ့ (၃၂၁၈၂၄)ဧကဟာ လည်း အမှန်စိုက်ပျိုးခဲ့မယ် ဆိုရင်တော့ အညံ့ဆုံး ဆီထွက်နှုန်းဟာ (၁)ဧကကို ဆီကြမ်း(၂)တန် ထွက်တယ်လို့ သိရတဲ့အတွက်ကြောင့် ဆီကြမ်းတန်ချိန်(၆၄၃၆၄၈)တန် ထွက်ရမှာဖြစ်ပါတယ်။ အမှန်တကယ် မြေနေရာဦးထားသလောက် ဧက(၁၀)သိန်း စိုက်ခဲ့မယ်ဆိုရင် အညံ့ဆုံး ဆီထွက်နှုန်း နဲ့ကို (၁)ဧကကို (၂)တန်နှုန်းနဲ့ တွက်မယ်ဆိုရင် ဆီကြမ်းတန်ချိန် သိန်း(၂၀)ထွက်ရမှာ ဖြစ်ပါတယ်။ အပင်ကို ပြုစုယုယမှုကောင်းရင် (၁)ဧကကို (၄)တန်ကနေ ဆီကြမ်း(၅)တန်အထိ ထွက်နိုင်တယ်လို့ သိရတဲ့အတွက် သိန်း(၄၀)၊ (၅၀)နှစ်စဉ်ထွက်မှာဖြစ်ပါတယ်။

ယခင်တပ်မတော် အကြီးအကဲက အဲဒီလိုဖြစ်စေချင်လို့သာ ဒီလို စိုက်ပျိုးခွင့်ပြုခဲ့ တယ်လို့ ကျွန်တော်ယူဆပါတယ်။ လက်တွေ့တော့ ဆီကြမ်းထွက်ရှိမှုဟာ ၃၁-၅-၂၀၁၃ တရားဝင် စာရင်းဇယား များအရ ဆီသီးခိုင်တန်ချိန်(၂၂၄၅၇)တန်သာ ထွက်ရှိကြောင်းတွေ့ရပါတယ်။ ဒါတောင် အမှန်တကယ် ထွက်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ မသေချာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြိတ်ခရိုင်စက်မှုကုန်ကြမ်း ရုံးရဲ့ စာရင်းဇယားမှာ ကျွန်တော် ကုမ္ပဏီနာမည်လေးတွေ ထည့်ပြောပါရစေ၊ ဒါမှ တိကျတဲ့ စာရင်း ဇယား ဖြစ်အောင်လို့ပါ။ ဒီကုမ္ပဏီတွေကို ကျွန်တော်မသိပါဘူး။ သူတို့ကိုလည်း မမြင်ဖူးပါဘူး။

သို့သော်စာရင်းဇယားမှာ တွေ့ရှိချက်ကို လက်တွေ့ကွင်းဆင်းတွေ့ရှိချက်နှင့် ဖော်ပြချက် ကိုသာ ကျွန်တော် တင်ပြမှာ ဖြစ်ပါတယ်။ ဒီကုမ္ပဏီတွေနဲ့ ကျွန်တော်နဲ့လည်း ယခင်က ဘာအကြောင်း အရာမှ မရှိပါဘူး။ ခရိုင်ရုံးရဲ့ စာရင်းမှာ မောင်ဝိတ်မိသားစုကုမ္ပဏီဟာ လျာထားချက်(၁၀၂၀)ဧက လုံးဝမစိုက်ပျိုးသေးဘူးလို့ဖော်ပြ ထားပေမယ်လို့ တိုင်းချုပ်စာရင်းမှာ (၁၀၂၀)ဧကဟာ အားလုံး စိုက်ပြီးပြီလို့ ဖော်ပြထားပါတယ်။ အဲဒီလို ကွဲလွဲနေတဲ့အခါကျတော့ လက်တွေ့ကွင်းဆင်းကြည့်တဲ့ အခါမှာ ဆိုင်းဘုတ်တောင် မတွေ့ရတဲ့အနေအထားဖြစ်ပါတယ်။ ထိုကဲ့သို့ လုံးဝမစိုက်ဘဲ မြေဦးထားတဲ့ ကုမ္ပဏီတွေကတော့ (၁) ထားဝယ်ကုမ္ပဏီ (၂၀၀၀၀)ဧက၊ စိန်ပြည့်လျှံအောင်ကုမ္ပဏီ(၁၀၀၀၀)ဧက၊ (၃)တော်ဝင်ရွှေပုလဲကုမ္ပဏီ(၉၀၀၀)ဧက၊ (၄)မြန်မာနိုင် ကုမ္ပဏီ(၇၀၀၀)ဧက၊ (၅)အဲဗားဂရင်းကုမ္ပဏီ (၁၀၀၀)ဧက၊ (၆) မြန်မာ့သြဘာကုမ္ပဏီ(၁၀၅၀၀) ဧက၊ (၇)တောင်ပိုင်းရွှေရောင်အလင်းတန်းကုမ္ပဏီ (၁၂၈၀၀)ဧက တို့ဖြစ်ကြတယ်။

ဒ့ါအပြင် အေးရှားဝါးလ်ကုမ္ပဏီသည် တိုင်းချုပ်စာရင်းမှာ (၁၂၀၀၀)ဧက အားလုံးစိုက် ပြီးဟု ဖော်ပြထားသော်လည်း မြေပြင်မှာ (၄၀၀၀)ဧကသာ စိုက်ပျိုးထားတယ်။ Vantage ကုမ္ပဏီဟာ တိုင်းချုပ် စာရင်းမှာ(၁၉၂၀)ဧက အားလုံးစိုက်ပြီးကြောင်း ဖော်ပြထားသော်လည်း ဆီအုန်းတွက်ခြေ မကိုက်လို့ (၁၉၂၀)ဧက အားလုံး ရာဘာပြောင်းစိုက်တော့မယ်လို့ သိရပါတယ်။ ထူးကုမ္ပဏီဟာ ဧက(၃၀၀၀၀) ယူထားသော်လည်း တိုင်းချုပ်စာရင်းမှာ (၂၀၇၅)ဧကသာ စိုက်ပျိုးထားကြောင်း တွေ့ရ ပြီးတော့ ဆီကြမ်း လုံးဝမထွက်သေးကြောင်း တွေ့ရှိရပါတယ်။ မြေနေရာယူထားတဲ့ ကုမ္ပဏီ(၄၁)ခု အနက် မြိတ်ခရိုင်တွင် (၄)ခုသာ ဆီကြမ်းအနည်းငယ် ထွက်သေးကြောင်းတွေ့ရပါတယ်။ ကျွန်တော်တို့ တင်ပြပါပုံတွေကတော့ သတင်းစာတွေနဲ့ အဲဒီတိုင်းရုံးက စာရင်းတွေမှာ ပြထားတဲ့ပုံတွေဖြစ်ပါတယ်။

အဲဒီပုံတွေကတော့ အလွန်လှပပြီးတော့ ဝေဝေဆာဆာ သီးပွင့်နေတာ တွေ့ရပြီးတော့ မြက်ဆိုလည်း တစ်စက်မှမရှိဘူး အဲလိုပုံပေါ့လေ။ ဒါပေမဲ့ တကယ်တမ်း ကွင်းဆင်းကြည့်လိုက်တဲ့အခါမှာ ဆီအုန်းပင်တွေဟာ ဘယ်လိုမှကို အသီးမသီးနိုင်တဲ့ အနေအထား ဒါတွေကတော့ ပုံနဲ့ ပြထားတဲ့ပုံတွေ မြန်မာပြည်ကပုံတွေ မဖြစ်နိုင်ဘူး။ ကျွန်တော်တွေ့တာတော့ မလေးရှားက ပုံတွေကိုများ ကူးထားသလားလို့ ကျွန်တော်ထင်မိပါတယ်။

ဒါကျွန်တော်တို့ တနင်္သာရီတိုင်းသည် ဆီအိုးကြီးဖြစ်ရမည်ဆိုတဲ့ ဆိုင်းဘုတ်ကြီးက မြိတ်မြို့မှာ အင်မတန် ခန့်ညားထည်ဝါစွာ ကျွန်တော်တွေ့ရပါတယ်။ ဒီ ကုမ္ပဏီ တွေဟာဆိုလို့ရှိရင် ဆီအုန်းကို အနစ်နာခံ စိုက်ပျိုးတဲ့အတွက်ကြောင့် ဆီအုန်းအားလုံးဟာ ကော့သောင်း၊ မြိတ်၊ ထားဝယ် ကားလမ်းဘေးမှာရှိပြီးတော့ အဲဒီမှာကြည့်မယ်ဆိုရင် ကားလမ်းဘေးမှာ အပင်တွေဟာ (၃)တန်းပဲ စိုက်ထားပါတယ်။ (၃)တန်းကနေ အထဲဝင်သွားရင် အကုန်လုံး ချုံပုတ်တွေချည်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ လမ်းဘေးမှာပဲ သူက Show အနေနဲ့ စိုက်ပျိုးထားတာ တွေ့ရပါတယ်။ ပြီးရင် ဆီအုန်းပင် တစ်ပင်ခြင်းကို ကျွန်တော်ကြည့်တဲ့အခါမှာ ကပ်ပါးပင်၊ ချုံနွယ်ပင်တွေ ရောယှက်ပြီး ပေါက်နေတဲ့ အတွက်ကြောင့်၊ ဆီအုန်းပင်ဆိုတာ အခက်အလက်ပြုပြင်ပေးမှ အသီးသီးတာ ဖြစ်တဲ့အတွက်ကြောင့် ဆီသီး မသီးနိုင်ကြတာကို တွေ့ကြရပါတယ်။ အဲဒီ တိုင်းနဲ့ခရိုင် စက်မှုကုန်ကြမ်းတွေမှာတော့ ဓာတ်ပုံတွေ ဝေဝေဆာဆာ၊ သတင်းစာတွေထဲမှာ တစ်ခါတစ်လေတွေ့တဲ့ ဟာတွေကတော့ ဝေဝေဆာဆာ တွေ့ရမှာ ဖြစ်ပါတယ်။

အမှန်တကယ် ကြီးထွားသန်စွမ်းလျက်ရှိတဲ့ အုန်းခြံအဖြစ် ကျွန်တော် တွေ့ခဲ့ရတာတော့ ဦးပိုင်လီမိတက်က စိုက်ထားတဲ့ ခြံတစ်ခုကိုသာ ကျွန်တော် တွေ့ရှိခဲ့ရပါတယ်။ အခုအချိန်မှာ ကျန်ကုမ္ပဏီများဟာ ပါချီပါချက် အပျော်သဘောမျိုး စိုက်ပျိုးဟန်ဆောင် နေရာဦးထားကြတာကို တွေ့ရပြီးတော့ ထားဝယ်၊ မြိတ်၊ ကော့သောင်း မြေဈေးတွေကတော့ အဆမတန် တက်လာလျက်ရှိတဲ့ အတွက် အထက်ပါကုမ္ပဏီကြီးတွေ အကြိုက်တွေ့နေကြကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် ဒီကုမ္ပဏီတွေဟာ ဆီအုန်းအနစ်နာခံ စိုက်ပျိုးတဲ့အတွက်ကြောင့် အခွင့်အရေး ပေးတဲ့အနေနဲ့ ယခင်တပ်မတော် အစိုးရ လက်ထက်က စက်ယန္တရားတွေ၊ ကားတွေ စတဲ့ တန်ဖိုးကြီး ပစ္စည်းတွေကို အကောက်အခွန်လွတ် တင်သွင်းခွင့်ပြုခဲ့ကြောင်း အမည်မဖော်လိုတဲ့ မီဂါစီးပွားရေး လုပ်ငန်းရှင် တစ်ဦးကပြောပြပါတယ်။ အဲဒီခေတ်အခါမှာ ဒီလိုမျိုးပါမစ်တွေ ရရှိတဲ့အတွက် စိုက်ပျိုး ဟန်ဆောင်ခြင်းက ကုန်ကျစရိတ်ကို ကာမိတဲ့အပြင် အမြတ်ပါ ထွက်သေးတယ်လို့ သိရပါတယ်။ မြေလည်း အပိုင်ရသေးတယ်။ မြတ်လည်း မြတ်သေးတယ်။ ဆီအိုးကြီးကတော့ ဆိုင်းဘုတ်ပဲ ရှိပါတယ်။ ယခင်က တပ်မတော် အကြီးအကဲများ မျှော်မှန်းခဲ့သလို ဧက(၁၀)သိန်းကနေ ဆီကြမ်းတန်ချိန် သိန်း(၂၀)သာ ထွက်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ မလေးရှားကနေ ဆီသွင်းစရာ မလိုတော့ဘဲနဲ့ ထွက်နှုန်းကောင်းအောင် ပြုပြင်မယ်ဆိုရင် တစ်ဧကကို (၅)တန်အထိ ထွက်တယ်လို့ ပညာရှင်တွေက ပြောတဲ့အတွက်ကြောင့် စိုက်ပျိုးရေး ပညာရှင်တစ်ဦးက ပြောပြပါတယ်။ ဒါကြောင့်မို့လို့ ဧက(၁၀) သိန်းသာ တကယ်စိုက်ခဲ့မယ်ဆိုရင် ဆီကြမ်းတန်ချိန် သိန်း(၅၀) ထွက်လို့ရှိရင် ကျွန်တော်တို့ဟာ မလေးရှားကို ဆီပြန်သွင်းနိုင်မယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

နှစ်စဉ် မြန်မာပြည်ကို ဝင်နေတဲ့ စားအုန်းဆီတန်ချိန်ကို လေ့လာကြည့်မယ်ဆိုရင် သွင်းကုန် အစားမထိုးနိုင်ဘူးဆိုတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိကြရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများက မြန်မာပြည်မှာ မြေဈေးကြီးတယ်လို့ဆိုပါတယ်။ ထိုကဲ့သို့ ဘာမှမလုပ်ဘဲ နေရာ ဦးထားသူများကြောင့်လို့ ယူဆရမှာ ဖြစ်ပါတယ်။ ဖြစ်သင့်သည်ကတော့ မြေနေရာ ယူထားတာ (၁၄)နှစ်ကြာပြီဆိုရင် တကယ်စိုက်/မစိုက် ကွင်းဆင်းစစ်၊ မစိုက်လို့ရှိရင် မည်သူ့မျက်နှာမှ မထောက် ဘဲနဲ့ ပြန်လည်သိမ်းယူပြီးတော့ ပြည်တွင်းနဲ့ နိုင်ငံခြားက တကယ်လုပ်မယ့်သူကို ချထားပေးသင့် ပါတယ်။ သို့မှသာ ဒီ မြိတ်ကမ်းနားလမ်းက ဆိုင်းဘုတ်ကြီးဟာလည်း ပီပြင်လာမှာ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဘဲ မကွေးတိုင်း၊ ပွင့်ဖြူ မင်းဘူး၊ စကု၊ စလင်းစတဲ့ နေရာတွေများမှာ လည်း စိုက်ပျိုးရေးအထူးပြု ဒါ ဇုန်ကြီးအဖြစ် မြေနေရာ ရယူထားတဲ့ SI ကုမ္ပဏီ၊ မီလီယံဂရု၊ အေးရှားဝေါ၊ ဒဂုံအင်တာနေရှင်နယ်စတဲ့ ကုမ္ပဏီကြီးတွေဟာ ဧကသောင်းချီပြီးတော့၊ ယူထားပြီးတော့ စိုက်ပျိုးရေးကို ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်တာကို ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။ ကျွန်တော် ၁၉၉၉ ခုနှစ်မှာ အဲဒီစိုက်ပျိုးရေး နယ်မြေကို နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးတဲ့အခါမှာ ကျွန်တော်လုံခြုံရေး သွားယူရပါတယ်။ လုံခြုံရေးသွားယူတော့ ရဟတ်ယာဥ်ဆင်းခါနီးမှာ ကျွန်တော် TZ တွေ၊ ဘာတွေ ခင်းပေးတယ်။ မီးဖိုတွေ ဘာတွေ ဖိုပေးတယ်။ မီးခိုးတွေ ဘာတွေ ထွက်အောင်၊ ရဟတ်ယာဥ်ဆင်းတာ အဆင်ပြေအောင် သွားလုပ်ပေးတဲ့ အခါမှာ ရဟတ်ယာဥ်က ပုဂံ-ညောင်ဦးက တက်လာမယ်ဆိုတော့ ကုမ္ပဏီကြီးတစ်ခုမှာ ကျွန်တော်နေရာယူပြီးတော့ လုံခြုံရေး လုပ်ပေးနေတဲ့ အချိန်မှာ ရဟတ်ယာဥ် မရောက်ခင်မှာ ပြေးလွှား ပြီးတော့ မြို့ထဲကနေ (၅)ဂါလံပုံးနဲ့ ဆီတွေဝယ်လာ ပါတယ်။ ဘာလုပ်ဖို့တုန်း ဟိုဆီတွေကဆိုတော့လို့ ပြောတဲ့အခါမှာ အဲဒီကျုမှ မောင်းပြမယ့် ထွန်စက် တွေကို အဲဒီကျုမှ လိုက်ထည့်တယ်။ လိုက်ထည့်တော့ တစ်ယောက်ကို ဘယ်လောက်ထည့်မလဲဆိုတော့ (၁)စီးကို (၂)ဂါလံစီပဲထည့် ရပြီလို့ပြောပါတယ်။ (၇)စီး၊ (၈)စီးလောက်ရှိတဲ့ ထွန်စက်တွေကို (၂)ဂါလံစီ လိုက်ထည့်တာ ကျွန်တော် တွေ့ပါတယ်။ တွေ့ပြီးတော့ ရဟတ်ယာဥ် အသံကြားမှ စမောင်းနော်လို့ ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆီတွေကုန်သွားမှာစိုးလို့ ဆီတွေကုန်သွားမှာ စိုးလို့။ သူတို့ Show ပြတော့မှာ၊ ကျွန်တော်ကတော့ အောက်ကနေကြည့်နေတယ်။ ခဏနေ ရဟတ်ယာဥ်ကြီး ဆင်းခါနီးပြီး ဘုတ်ဘုတ်ဘုတ် အသံကြားတဲ့အခါမှာ စပြီးတော့ ထွန်စက်တွေက ဟိုထိုးဒီထိုး လုပ်ကြပါတယ်။ အဲဒီမှာ သူက စက်လေးနဲ့ပြောနေပါတယ်။ ထယ်ကြီးကို တစ်အား မနက်နဲ့နော် (၂)ဂါလံ ကုန်သွားမယ်။ လူကြီး မပြန်ခင်မှာ (၂)ဂါလံ ကုန်သွားဦးမယ်လို့ ပြောနေပါတယ်။ ဆိုတော့ ဒါတွေဟာ ဒီနေ့အချိန်မှာ အဲဒီလို ဧကသောင်းချီ ယူထားပြီးတော့ တကယ်သာမစိုက်ဘူးဆိုရင် သေသေချာချာ စာရင်းစစ်နဲ့ စစ်ဆေး ပြီးတော့ မစိုက်ဘူးဆိုရင် တကယ်စိုက်မယ့်သူ ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင် စသည်ဖြင့် နိုင်ငံခြား ကုမ္ပဏီ စသည်ဖြင့် စားအုန်းဆီဆို စားအုန်းဆီ Expert တကယ့် စိုက်မယ့်ကုမ္ပဏီတွေကို ပေးမယ်ဆိုရင် ကျွန်တော်တို့ မူလရည်မှန်းချက် အောင်မြင်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလို ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတစ်ဝှမ်းမှာ စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြပြီးတော့ မြေနေရာရယူ ထားတဲ့ ပုဂ္ဂလိကကုမ္ပဏီ ငယ်၊ လတ်၊ ကြီး တို့ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားမှုတွင် အမှန် တကယ်

စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီးတော့ အမှန်တကယ် လုပ်ကိုင်မယ့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းဆိုတဲ့ အဆိုကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၂၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၂၄။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မှ ဦးလှဆွေ ရဲ့ အဆိုကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် မှ ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၄း၂၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးလှဆွေ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြ၍ မြေနေရာရယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**အချိန်၊ ၁၄း၂၅။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်ကတော့ ကောင်းမွန်ကြောင်း ကျွန်တော် သဘောတူပါတယ်။ သို့သော်ငြား လည်း ခေါင်းစဉ်မှာ သုံးထားတဲ့ ပြန်လည်သိမ်းယူပြီးဆိုတဲ့ စကားဟာ ဒီနေ့ကျင့်သုံးနေတဲ့ နိုင်ငံရေး စနစ်နဲ့ လိုက်လျောညီထွေ မဖြစ်ပါဘူး။ ဒီ ခေါင်းစဉ်နဲ့သာ လွှတ်တော်မှာ ဆွေးနွေးမယ်ဆိုလို့ရှိရင် ဒီခေါင်းစဉ်ကို ကြားသိတဲ့ လုပ်ငန်းရှင်တွေက သွေးတိုးပြီးတော့ အများအမြင်မှာလည်း အထင်အမြင် လွဲသွားနိုင်ပါတယ်ခင်ဗျား။ ဒါကြောင့် ခေါင်းစဉ်ကို ပြန်လည်သိမ်းယူပြီးအစား ပြန်လည်စိစစ်ပြီး ရင်းနှီးမြှုပ်နှံလိုသူများအား လုပ်ကိုင်ခွင့်ချထားပေးရန်ဟု ပြောင်းလဲသုံးစွဲသင့်ပါကြောင်း အကြံပြု ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးလှဆွေ။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ပြန်လည်အပ်နှံစေပြီး ဆိုရင် ပိုကောင်းပါတယ်။

**ဥက္ကဋ္ဌ။** ။ မျက်စိလည်အောင် မလုပ်နဲ့နော်။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးလှဆွေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ။** ။ ဦးလှဆွေ တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၄း၂၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို (၁၄း၂၆)နာရီအချိန်တွင် ရပ်နားပါသည်။]